ရှမ်းပြည်နယ်လွှတ်တော်
လွှတ်တော်သတင်းလွှာ
Shan State Hluttaw Bulletin

၁၃၈၀ ခုနှစ် ၊ နယုန်လဆန်း (၁၄)ရက်၊ ( ၂၈ . ၅ . ၂၀၁၈ )၊ အတွဲ(၁)၊ အမှတ်(၁၁)

# ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ



ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦသစ်ဖွင့်ပွဲ အခမ်းအနားကို (၂၃. ၃. ၂၀၁၈)ရက်နေ့ နံနက် (၈)နာရီချိန်တွင် ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွန်း၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များတက်ရောက်ခဲ့ပါသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကွယ်ကွယ်၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ရှမ်းပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး၊ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွန်းတို့က အဆောက်အဦသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ပါသည်။



ဆက်လက်၍ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွန်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများကို ဖွင့်ပွဲအထိမ်းအမှတ်အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး၊ အဆောက်အဦသစ်အား လှည့်လည်ကြည့်ရှု၍ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ် ရေးထိုးခဲ့ကြပါသည်။

# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်နှင့် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် (၁၈)ကြိမ်မြောက် ကယန်းအမျိုးသားနေ့ အခမ်းအနားတက်ရောက်




၂၀၁၈ ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့၊ နံနက်(၈၀၀)နာရီအချိန်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့အားကစားကွင်း၌ (၁၈)ကြိမ်မြောက် ကယန်းအမျိုးသားနေ့ အခမ်းအနားအား စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ကယန်းအမျိုးသားညီညွတ်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ခွန်ရှမူအေးလာ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်တို့မှ မိန့်ခွန်းပြောကြားခဲ့ကြပြီး၊ ထူးချွန်ဆုရရှိကြသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပေးခဲ့ကြပါသည်။




အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးအေးသာအောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ဖိတ်ကြားထားသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးကျင်းပ




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေးကို ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦသစ် အစည်းအဝေးခန်းမ၌ (၂၆- ၃ -၂၀၁၈)ရက်နေ့မှ (၃၀ - ၃- ၂၀၁၈)ရက်နေ့ထိ (၄)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး ဒေါ်နန်းမိုခမ်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟန်သီဦးတို့က ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၂၈)ဦးတို့၏ ကြယ်ပွင့်ပြ မေးခွန်း(၆၀)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပြီး အဆို(၆)ခု တင်သွင်းခဲ့ရာ အဆို(၄)ခုကို အတည်ပြုခဲ့ပြီး၊ အဆို(၂)ခုမှာ မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ၂၀၁၈ခု၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)တို့အား အတည်ပြုခြင်း၊ ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ အသေးစား ချေးငွေလုပ်ငန်းဥပဒေ(မူကြမ်း)နှင့် ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)တို့ကို တင်သွင်းခြင်း၊ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများနှင့် ဆားနှင့်ဆားထွက်ပစ္စည်း နည်းဥပဒေတို့ကို ဖြန့်ဝေခြင်း၊ ပြည်နယ်လွှတ်တော် တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတို့ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။




# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ယခုလို စုံစုံညီညီ ပြန်လည်တွေ့ဆုံခွင့်ရတဲ့အတွက် ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း နှစ်ဖြာသုခနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခုကျင်းပတဲ့ နဝမပုံမှန်အစည်းအဝေးဟာ ၂၀၁၈ ခုနှစ် မင်္ဂလာနှစ်သစ်မှာ ပြန်လည် စတင်ကျင်းပတဲ့အစည်းအဝေးဖြစ်သလို အထင်ကရအဆောက်အဦဖြစ်တဲ့ ဒီရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦသစ်ကြီးမှာ ပထမဦးဆုံး စတင်ကျင်းပနိုင်တဲ့အစည်းအဝေးဖြစ်တဲ့အတွက် ရှမ်းပြည်နယ်လွှတ်တော်အတွက် သမိုင်းတွင်ရစ်မယ့် အစည်းအဝေးကြီးပဲဖြစ်ပါတယ်။ ယနေ့အထိ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေး ကျင်းပပြီးစီးမှုကို ပြန်ကြည့်မယ်ဆိုရင် ပုံမှန်အစည်းအဝေး၊ အရေးပေါ်အစည်းအဝေးအပါအဝင် ၂၀၁၆ ခုနှစ်မှာ (၄)ကြိမ်၊ ၂၀၁၇ ခုနှစ်မှာ (၆)ကြိမ် ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းဟာ (၂)နှစ်ပြည့်ကာလသို့ ရောက်ရှိလာပြီဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ လွှတ်တော်အတွင်းနဲ့ လွှတ်တော်ကိုယ်စား လွှတ်တော်ပြင်ပတာဝန်များကိုဆောင်ရွက်ရာမှာ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ကြပြီး မိမိတို့ လွှတ်တော် အောင်မြင်မှုမည်မျှရှိသည်ကို စံချိန်စံညွှန်းများနဲ့ တိုင်းတာရန် လိုအပ်မှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကျင့်စဉ်ကို ကျင့်သုံးရာမှာ နိုင်ငံတော်ရဲ့ အခြေခံအုတ်မြစ်ဟာ လွှတ်တော်ဖြစ်တဲ့အတွက် လွှတ်တော်ဟာ ခိုင်မာဖို့ လိုအပ်သလို အခြားမဏ္ဍိုင်များနဲ့ အပြန်အလှန် ထိန်းကျောင်းမှုပြုရာတွင်လည်း ဟန်ချက်ညီရန် လိုအပ်ပါတယ်။ ပြည်နယ်အတွက် လိုအပ်တဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ပြုပြင်ပြောင်းလဲမှုများကို လွှတ်တော်က အစပျိုးဖော်ဆောင်ပြီး၊ အုပ်ချုပ်ရေးအပိုင်းက မောင်းနှင်အား ကောင်းကောင်းနဲ့ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မိမိပြည်နယ်အတွင်း ပကတိဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အမှန်ကို အမှန်အတိုင်း၊ အမြင်ကို အမြင်အတိုင်း သိရှိပြီး အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် ပီပီပြင်ပြင် ဖြစ်အောင် ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ မိမိတို့၏ဥပဒေပြုရေးနှင့် အပြန်အလှန် ထိန်းကျောင်းရေးတာဝန်များကို အဓိက

ထားဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝင်ရောက်စွက်ဖက်သည့်သဘော မဖြစ်စေရေးအတွက်လည်းဘဲ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေးထား ဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နဝမပုံမှန် အစည်းအဝေးမှာဆောင်ရွက်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက အဆို(၇)ခုပေးပို့ထားပြီး၊ လွှတ်တော်ကိုယ်စားလှယ် (၂၈)ဦးက ကြယ်ပွင့်ပြမေးခွန်းပေါင်း (၆၂)ခု ပေးပို့ထားပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်း(၂)နှစ်ပြည့်တဲ့ အဋ္ဌမပုံမှန်အစည်းအဝေးကာလအထိ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းမှတ်တမ်းကို ပြန်ကြည့်မယ်ဆိုရင်လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၆၁)ဦးက ကြယ်ပွင့်ပြမေးခွန်းပေါင်း (၄၀၀)ခုမေးမြန်းခဲ့တာ တွေ့ရှိရပါတယ်။ ယင်းကိုယ်စားလှယ် (၆၁)ဦး အနက် ကြယ်ပွင့်ပြမေးခွန်းအများဆုံးမေးမြန်းတဲ့ကိုယ်စားလှယ် တစ်ဦးဟာဆိုရင် မေးခွန်းပေါင်း(၅၇)ခုထိ မေးမြန်းခဲ့ကြောင်း တွေ့ရှိရသလို၊ ယနေ့အထိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်း မပြုရသေးတဲ့ ကိုယ်စားလှယ်များလည်းရှိကြောင်း ဖော်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းမေးမြန်းရာတွင် မေးမြန်းတဲ့မေးခွန်းများဟာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များရဲ့ ဆောင်ရွက်နိုင်ခွင့်(သို့မဟုတ်) ဖြေကြားနိုင်ခွင့်ရှိသော မူဘောင်အတွင်းက အချက်အလက်များဖြစ်ဖို့ လိုအပ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများထဲမှ မေးခွန်းနှင့်စပ်လျဉ်းသည့် နည်းဥပဒေ ၁၀၁၊ ၁၀၂ နှင့်၊ အဆိုနှင့်စပ်လျဉ်းသည့် နည်းဥပဒေ ၁၁၈၊ ၁၁၉ ပါကန့်သတ်ချက်များ၊ စည်းကမ်းချက်များနှင့်အညီ ဖြစ်စေရေးအတွက် သတိပြုကြရမှာ ဖြစ်ပါတယ်။

နဝမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း နှင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ၊ ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေ(မူကြမ်း)ကို လွှတ်တော်သို့ တင်သွင်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဖို့ ရှိပါတယ်။ ဒ့ါအပြင် ဥပဒေကြမ်း တစ်ခုကိုလည်း ထပ်မံတင်သွင်းဖို့ ရှိကြောင်း သိရှိရပါတယ်။

လွှတ်တော်အသီးသီး၏ ဆောင်ရွက်မှုများ နည်းလမ်းမှန်ကန် ခိုင်မာပြီး အရည်အသွေးကောင်းမွန်တိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကို ဖေဖော်ဝါရီလ (၈)ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (MPU) အစည်းအဝေးမှာ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အသီးသီးက ကြုံတွေ့နေရသော အခက်အခဲများ၊ ဝန်ထမ်းရေးရာကိစ္စများ၊ အိမ်ရာအခက်အခဲများနဲ့ အခြားကိစ္စများကို တင်ပြဆောင်ရွက် ကြရပါတယ်။ တိုင်းဒေသနှင့် ပြည်နယ်လွှတ်တော်ရုံးများ သီးခြားပေါ်ပေါက်လာခြင်းသည်ပင်လျှင် (MPU)အစည်းအဝေးမှာ ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် ရရှိလာသော ရလဒ်ကောင်းတစ်ခုဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော် အစည်းဝေးခန်းမအသစ်မှာ ရှိသင့်ရှိအပ်သော အင်္ဂါရပ်များနဲ့ပြည့်စုံအောင် အတတ်နိုင်ဆုံး စီစဉ်ထားပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနဲ့ ဆွေးနွေးခြင်းတို့အတွက် အချိန်ကန့်သတ်ချက်အရ အချိန်ရေတွက် မှုစနစ် (Count -down Timing)နှင့် ဆန္ဒမဲပေးရာမှာ ကိုယ်စားလှယ်များရဲ့ ဆန္ဒမဲပြုသည့်မဲများကို စက်ခလုတ်အသုံးပြုသည့် ဆန္ဒမဲခွဲခြားရေတွက်မှုစနစ်(Voting Classfication System)ကို စတင်အသုံးပြုနိုင်ဖို့ စီစဉ်ထားပါတယ်။ ဒါကလည်း စက်ပိုင်းဆိုင်ရာ တိကျမှု၊ နည်းပညာပိုင်းဆိုင်ရာ အမှားအယွင်းမရှိမှုနဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်များရဲ့ လေ့ကျင့်မှုပေါ်မူတည်ပြီး စတင်အသုံး ပြုသွားဖို့ ရှိပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူများရဲ့အသံ၊ ပြည်သူများရဲ့ ဆန္ဒ၊ ပြည်သူများရဲ့ မျှော်လင့်ချက်များကို အတတ်နိုင်ဆုံးသိရှိအောင် ကြိုးပမ်းပြီး အချိန်အခါအလိုက် အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ အကျိုးအတွက် ဖော်ဆောင်ရမည့် ရည်မှန်းချက်ဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ တူညီသော ရည်မှန်းချက်ပဲ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်များကို ဖော်ဆောင်ရာမှာ အတ္တစွဲ၊ ဆန္ဒစွဲများ မထားရှိဘဲ ချင့်ချင့်ချိန်ချိန် ညှိညှိနှိုင်းနှိုင်းဖြင့် မျှမျှတတ ဖြစ်အောင် မှန်ကန်စွာ ဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၂၈)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၆၀)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်နန်းခင်ထားရီက
ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက
ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးစိုင်းထွန်းဝင်း(ခ)စိုင်းနော်ခမ်းက
ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းက
ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးသန်းထိုက်က
ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက
ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး(ပထမနေ့)တွင် ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုံနီတစ်လုံမှ ရှမ်းပြည်နယ်လွှတ်တော်သို့ အောက်ပါအတိုင်း တင်သွင်း ခဲ့ပါသည်-

ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ နှစ်စဉ်အရအသုံးခန့်မှန်း ခြေငွေစာရင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရေးဆွဲ၍ ပြည်နယ်လွှတ်တော်သို့ တင်ပြလျက်ရှိပါသည်။

မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးနှစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်မှစတင်ပြီး အောက်တိုဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ (၃၀)ရက်နေ့အထိ ပြင်ဆင်ရေးဆွဲသွားမည် ဖြစ်တဲ့အတွက် ၂၀၁၈ ခု၊ ဧပြီလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ (၆)လစာ အတွက် ရသုံးခန့်မှန်းခြေစာရင်းများအား ရေးဆွဲရပါသည်

(၄-၁၂-၂၀၁၇) ရက်နေ့မှာ ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ အတည်ပြုချက်နဲ့ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြခဲ့တဲ့ ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ ရှမ်းပြည်နယ်ရဲ့ ရသုံးခန့်မှန်းခြေငွေ စာရင်းမှာ သာမန်ရငွေကျပ်(၁၂. ၀၉၅)ဘီလီယံ (အခွန်ဝေစုခွဲဝေ ရငွေကျပ်၂. ၁၄၈ ဘီလီယံအပါအဝင်)နဲ့ သာမန်အသုံးစရိတ် ကျပ်(၄၆. ၃၅၀)ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ် (၇၅. ၀၆၀)ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ်ကျပ်(၁၂၁. ၄၁၀) ဘီလီယံ၊ ရငွေနဲ့အသုံးစရိတ်အပေါ် ခြားနားချက်ဖြစ်တဲ့ ကျပ်(၁၀၉. ၃၁၅)ဘီလီယံကို လိုငွေအနေနဲ့ တင်ပြခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယသမ္မတရဲ့ စိစစ်ချက်အရ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနများအနက် ဝန်ထမ်း အိမ်ရာအသစ်၊ ရုံးအဆောက်အဦအသစ်နဲ့ ရုံးသုံးယာဉ် အသစ်တွေဝယ်ယူမယ့်ဌာန (၁၀)ခုကို စိစစ်ဖြတ်တောက် ခဲ့ပါတယ်။ အဆိုပါ စိစစ်ဖြတ်တောက် မှုတွေကို လွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါ သည်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါစိစစ် ဖြတ်တောက်ပြီး ကျန်ရှိတဲ့ ရှမ်းပြည်နယ်ရဲ့ ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ရသုံးခန့်မှန်းခြေ ငွေစာရင်းများအား (၉-၁-၂၀၁၈) ရက်နေ့တွင် ကျင်းပခဲ့သော ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၁/၂၀၁၈)မှာ အတည်ပြုခဲ့ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ လမ်းညွှန်ချက်အရ ရေးဆွဲထားသော ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေစာရင်းမှာ သာမန်ရငွေကျပ် (၁၂. ၀၉၅)ဘီလီယံ (အခွန်ဝေစုခွဲဝေ ရငွေကျပ် ၂. ၁၄၈ ဘီလီယံအပါအဝင်)နဲ့ သာမန်အသုံးစရိတ် ကျပ် (၄၆. ၃၅၀) ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် (၇၁. ၁၁၅) ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ်(၁၁၇. ၄၆၅) ဘီလီယံ သုံးစွဲရန် လျာထားပါတယ်။ ရငွေနဲ့ အသုံးစရိတ်အပေါ် ခြားနားချက်ဖြစ်တဲ့ ကျပ်(၁၀၅. ၃၆၉)ဘီလီယံအား ပြည်ထောင်စု ထောက်ပံ့ငွေအဖြစ် ရရှိမှာ ဖြစ်ပါသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင်မှ အတည်ပြုထားတဲ့ ရှမ်းပြည်နယ်ရဲ့ ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ရသုံးခန့်မှန်းခြေငွေစာရင်းများအား ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း အဖြစ် တင်ပြသွားမှာဖြစ်ပါသည်။

ယခုတင်ပြထားသော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းမှာ အခန်း(၃)ခန်း၊ အပိုင်း(၅)ပိုင်းနဲ့ ဇယား(၈)ခုအပါအဝင် ရေးဆွဲထားပါတယ်။ ဇယား(၁)နဲ့(၂)မှာ ဗဟိုအဖွဲ့အစည်း(၅)ခုရဲ့ ရငွေကျပ် (၂. ၉၅၁)ဘီလီယံ၊ သုံးငွေကျပ်(၂၆. ၂၇၇)ဘီလီယံ၊ ဇယား(၃)အစမှာ အခွန်ရငွေကျပ်(၁. ၄၂၈)ဘီလီယံ၊ ဇယား(၃)အဆုံးနဲ့ ဇယား(၄)မှာ ဦးစီးဌာန(၁၈)ခုရဲ့ ရငွေကျပ်(၁၀၅. ၃၆၉)ဘီလီယံ၊ သုံးငွေကျပ် (၆၃. ၃၀၅) ဘီလီယံ၊ ဇယား(၅)နဲ့(၆)မှာ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း(၁)ခုရဲ့ ရငွေကျပ်(၀. ၀၂၉)ဘီလီယံ၊ သုံးငွေကျပ် (၁၇. ၉၂၉)ဘီလီယံ၊ ဇယား(၇)နဲ့(၈)မှာ စည်ပင်သာယာရေးအဖွဲ့များရဲ့ ရငွေကျပ်(၇. ၅၄၀)ဘီလီယံ၊ သုံးငွေကျပ် (၉. ၉၅၄)ဘီလီယံ စသဖြင့် အသီးသီးထည့်သွင်းရေးဆွဲထားပါသည်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ခုနှစ်၊ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအပေါ်တွင် အခြေပြုထားသော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈)မှ အတည်ပြုပြီးဖြစ်သောကြောင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါသည်။ ထို့ကြောင့် ယခုတင်ပြထားတဲ့ ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါသည်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ၊ ရှမ်းပြည်နယ် ဒေသန္တရ စီမံကိန်းဥပဒေ (မူကြမ်း)အား ရှမ်းပြည်နယ် လွှတ်တော်သို့တင်သွင်းခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(ပထမနေ့)မှာ ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ၆ လ (ဧပြီလမှ စက်တင်ဘာလ အထိ) ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က အောက်ပါအတိုင်း တင်သွင်းခဲ့ပါသည် -

ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ၆လ (ဧပြီလမှ စက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေထားတဲ့ စာအုပ်(၅)အုပ် ရှိပါသည်။

ပထမစာအုပ်ကတော့‘ ရှမ်းပြည်နယ် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)’ စာအုပ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပြီးပါက ပြည်နယ်ဝန်ကြီးချုပ်လက်မှတ်ရေးထိုးထုတ်ပြန်မှာဖြစ်ပြီး၊ ကျန်စာအုပ်များဖြစ်တဲ့

နောက်ဆက်တွဲ(၁)၊ (၂)နဲ့(၃)တို့က ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)စာအုပ်အတွက် အထောက်အကူပြုတဲ့ စာအုပ်တွေဖြစ်ပြီး၊ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခြင်းနည်းလမ်းများ လက်စွဲစာအုပ်(၁)အုပ်၊ စုစုပေါင်း စာအုပ်(၅)အုပ် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရာမှာ အထောက်အကူပြုစေဖို့ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနဲ့ GIZ အဖွဲ့အစည်းအကူအညီနဲ့ ပြုစုထုတ်ဝေ ထားတဲ့ စာအုပ်ဖြစ်ပါသည်။

ပထမဦးစွာ ရှမ်းပြည်နယ် ၂၀၁၈ခုနှစ်၊ ၆ လ (ဧပြီလမှ စက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)မှာ ပါဝင်တဲ့ အဓိကကျတဲ့ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို တင်ပြခဲ့ပါသည်။

ရှမ်းပြည်နယ်ရဲ့ ၂၀၁၈ ခုနှစ်၊ ၆လ (ဧပြီလမှ စက်တင်ဘာလ အထိ) စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို (နှစ်အလိုက်ဈေးနှုန်းများအရ) ကျပ်(၁, ၉၂၉, ၅၈၄. ၆)သန်း၊ (ကျပ် ၁၉၂၉. ၆ ဘီလီယံ) ရရှိရန်နှင့် (၁၀. ၂)ရာခိုင်နှုန်း တိုးတက်ပြောင်းလဲရန် ရည်မှန်းထားသည်။

(ပုံမှန်ဈေးနှုန်းများအရ) ၂၀၁၈ ခုနှစ်၊ ၆ လ (ဧပြီလမှ စက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်းတွင် ကျပ် (၁,၄၈၂, ၄၀၂. ၇)သန်း၊ (ကျပ် ၁၄၈၂. ၄ ဘီလီယံ) ရရှိရန်နှင့် တိုးတက်မှုနှုန်း (၅. ၈)ရာခိုင်နှုန်း ဖြစ်ပေါ်ရန် ရည်မှန်းထားသည်။

စီးပွားရေးကဏ္ဍကြီးတွေအနေနဲ့ လယ်ယာကဏ္ဍကြီးကို (၂. ၅)ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးကို (၅. ၁) ရာခိုင်နှုန်းနဲ့ ဝန်ဆောင်မှုကဏ္ဍကြီးကို (၈. ၇)ရာခိုင်နှုန်း အသီးသီး တိုးတက်စေရန် ရည်မှန်းထားပါသည်။

ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများရဲ့ ၂၀၁၈ ခုနှစ်၊ ၆ လ (ဧပြီလမှ စက်တင်ဘာလ အထိ) ဒေသန္တရစီမံကိန်းအရ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ရဲ့ တိုးတက်မှုနှုန်းများအနေနဲ့ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မှာ (၇. ၀)ရာခိုင်နှုန်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၂၄. ၉)ရာခိုင်နှုန်း၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှာ(၄. ၁)ရာခိုင်နှုန်း၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှာ (၂. ၁)ရာခိုင်နှုန်းနှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၄. ၉)ရာခိုင်နှုန်း အသီးသီး တိုးတက်စေဖို့ ရည်မှန်းထားပါသည်။

ဆက်လက်ပြီး နောက်ဆက်တွဲ(၁)မှာပါတဲ့ ရှမ်းပြည်နယ်ရဲ့ မျှော်မှန်းချက်၊ မူဝါဒနှင့် ရည်မှန်းချက်များကို တင်ပြသွားမှာ ဖြစ်ပါသည်။

မျှော်မှန်းချက်

ရှမ်းပြည်နယ်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်နယ် ဖြစ်စေရမည်။

မူဝါဒ

(၁) ပြည်နယ်အတွင်း နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ပဋိပက္ခများ ချုပ်ငြိမ်းစေရေး။

(၂) ပြည်နယ်အတွင်း ဒေသများအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးအခြေခံ ကောင်းများ ရရှိရေး။

(၃) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝ သယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရေးနှင့် အကျိုးအရှိဆုံး ဖြစ်စေရေးအတွက် မျှတမှန်ကန်စွာ စိစစ်အသုံးပြုရေး။

(၄) ပြည်နယ်အတွင်းစဉ်ဆက်မပြတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်စေရေး။

ရည်မှန်းချက်

(၁) ပြည်နယ်အတွင်း စားနပ်ရိက္ခာဖူလုံ ပိုလျှံစေရေးနှင့် စိုက်ပျိုးရေးအခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာဖွံ့ဖြိုး တိုးတက်လာစေရန်။

(၂) ပြည်နယ်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြုနိုင်သည့် အခြေခံအဆောက်အဦ လုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန်။

(၃) အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေး လုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက် အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်။

(၄) ပြည်နယ်အတွင်း လူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက် စေရန်။

(၅) သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်။

(၆) ပြည်နယ်အတွင်း ပုဂ္ဂလိက ကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီး မြှုပ်နှံမှုများတိုးမြှင့်စေရန် ဆိုပြီးသတ်မှတ်ထားပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ဌာနများရဲ့ လုပ်ငန်းစဉ်များကို နောက်ဆက်တွဲ(၁)စာအုပ်မှာ အသေးစိတ်ဖော်ပြထားပါသည်။

နောက်ဆက်တွဲ(၂)မှာ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို တင်ပြသွားမှာ ဖြစ်ပါသည်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ လျာထားဆောင်ရွက်မယ့် လုပ်ငန်းများအနေနဲ့ ပြည်နယ်အဆင့်ဗဟိုအဖွဲ့အစည်းများက ကျပ်(၁၇. ၆)ဘီလီယံ၊ ပြည်ထဲရေးဝန်ကြီးဌာနကျပ်(၀. ၆)ဘီလီယံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျပ်(၀. ၃) ဘီလီယံ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကျပ်(၀. ၅)ဘီလီယံ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကျပ်(၁၇. ၉)ဘီလီယံ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကျပ်(၄. ၄)ဘီလီယံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကျပ်(၀. ၀၇)ဘီလီယံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကျပ်(၂၃. ၅) ဘီလီယံနှင့် စည်ပင်သာရေး အဖွဲ့များအနေနဲ့ ကျပ်(၆. ၂)ဘီလီယံ၊ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် စုစုပေါင်းကျပ်(၇၁. ၁)ဘီလီယံ ရင်းနှီးမြှုပ်နှံဖို့လျာထားပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကတော့ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်မှာဖြစ်ပြီး၊ အမျိုးသားစီမံကိန်း ဥပဒေကို ပြည်ထောင်စုလွှတ်တော်ကအတည်ပြု ပြဋ္ဌာန်းပြီးလို့ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ချိတ်ဆက်တောင်းခံပြီး မြို့နယ်စီမံကိန်းဦးစီးရုံးများကို ပေးပို့ထားမှာ ဖြစ်ပါသည်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ/ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေတွေနဲ့ မြို့နယ်မှာဆောင်ရွက်မယ့် လုပ်ငန်းတွေကို ပြည်သူများသိရှိအောင် စီမံကိန်းရုံးတွေမှာ ပွင့်လင်းမြင်သာစွာ ကြေညာထားပေးမှာ ဖြစ်ပါသည်။

နောက်ဆက်တွဲ(၃)မှာ ရှမ်းပြည်နယ်အတွင်း ထုတ်လုပ်မှု၊ ဝန်ဆောင်မှု ရည်မှန်းချက်များကို စီးပွားရေးကဏ္ဍအလိုက် ဖော်ပြထားပါသည်။

ရှမ်းပြည်နယ်ရဲ့ စီးပွားရေးကဏ္ဍများအလိုက် တိုးတက်မှုနှုန်းများကို လယ်ယာကဏ္ဍ(၂. ၃)ရာခိုင်နှုန်း၊ သားငါးကဏ္ဍ (၄. ၇)ရာခိုင်နှုန်း၊ သစ်တောကဏ္ဍ (၆၂. ၈)ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ(၂. ၇)ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍ (၇. ၉)ရာခိုင်နှုန်း၊ လျှပ်စစ်ဓါတ်အားကဏ္ဍ(၅. ၂)ရာခိုင်နှုန်း၊ ဆောက်လုပ်မှုကဏ္ဍ(၃. ၃)ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍ(၈. ၆) ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍ(၉. ၂)ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍ(၁၁. ၁)ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ(၃. ၄) ရာခိုင်နှုန်း၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ(၁၁. ၇) ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုကဏ္ဍ (၇. ၉) ရာခိုင်နှုန်းအသီးသီး တိုးတက်ရရှိဖို့ ရည်မှန်းထားပါသည်။

နိဂုံးချုပ်အနေနဲ့ ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်တဲ့ ရှမ်းပြည်နယ်၂၀၁၈ ခုနှစ်၊ ၆ လ (ဧပြီလမှစက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀(ခ)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်သွင်းအပ်ပါသည်။

---

**ရှမ်းပြည်နယ်လွှတ်တော်၏ဦးတည်ချက် (Objectives)**

(၁) ဥပဒေပြုခြင်း၊

(၂) ကိုယ်စားပြုခြင်း၊

(၃) ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း၊

(၄) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေး မြင့်မားစေရေး ဆောင်ရွက်ခြင်း။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ အသေးစားချေးငွေလုပ်ငန်းဥပဒေ (မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(ပထမနေ့)မှာ ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ အသေးစားချေးငွေလုပ်ငန်း ဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုန်တစ်လုံမှ တင်သွင်းခဲ့ပါသည်။

ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ အသေးစားချေးငွေလုပ်ငန်း ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၁၂)ခန်း ပါဝင်ပါသည်။ ၎င်းတို့မှာ-

အခန်း(၁)

အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၈ခုနှစ်၊ အသေးစားချေးငွေ လုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) ဘဏ် ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်သောဘဏ်ကိုဆိုသည်။

(ခ) သမဝါယမအသင်း ဆိုသည်မှာ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ထားသည့် အသင်း ကို ဆိုသည်။

(ဂ) အတိုး ဆိုသည်မှာ ထုတ်ချေးထားသော ငွေပေါ်တွင် အဖိုးစားနားအဖြစ် ပေးရသော ငွေ သို့မဟုတ် ပစ္စည်းကိုဆိုသည်။

(ဃ) ချေးငွေ ဆိုသည်မှာ အတိုးဖြင့် ထုတ်ချေးသောငွေ သို့မဟုတ် ပစ္စည်းကို ဆိုလိုသည်။

(င) အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူ ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသေးစား ချေးငွေလုပ်ငန်း လုပ်ကိုင်သူကို ဆိုသည်။

(စ) ငွေရင်း ဆိုသည်မှာ ချေးယူသူအား ထုတ်ချေး လိုက်သည့်ငွေ သို့မဟုတ် ပစ္စည်းကိုဆိုသည်။

(ဆ) ဝန်ကြီးဌာန ဆိုသည်မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဇ) ဦးစီးဌာန ဆိုသည်မှာ ရှမ်းပြည်နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနကို ဆိုသည်။

(ဈ) မှတ်ပုံတင်အရာရှိ ဆိုသည်မှာ ဦးစီးဌာနက တာဝန်ပေးအပ်ထားသည့် အရာရှိကို ဆိုသည်။

(ည) အာမခံရှိသောချေးငွေ ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့ပြောင်းနိုင်သော ပစ္စည်း တစ်ရပ်ရပ်ကို အပေါင်ထား၍သော်လည်းကောင်း၊ ထိုပစ္စည်းပေါ်တွင်ရထိုက်ခွင့် သို့မဟုတ် ဆိုင်ရာ ဆိုင်ခွင့်ကို အာမခံထား၍သော် လည်းကောင်း ထုတ်ချေးသည့်ငွေကို ဆိုသည်။

(ဋ) အာမခံမရှိသောချေးငွေ ဆိုသည်မှာ အာမခံ ရှိသောချေးငွေမှတစ်ပါး အခြားမည်သည့် ချေးငွေ ကိုမဆို ဆိုသည်။

(ဌ) ကြီးကြပ်ရေးအဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ

ဖွဲ့စည်းသည့် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင် သူများလုပ်ငန်းကြီးကြပ်ရေး အဖွဲ့ကိုဆိုသည်။

(ဍ) လိုင်စင် ဆိုသည်မှာ ဤဥပဒေအရထုတ်ပေးသော အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ကိုဆိုသည်။

(ဎ) မှတ်ပုံတင်စာရင်း ဆိုသည်မှာ ဤဥပဒေအရ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူများ၏ လုပ်ငန်းဆိုင်ရာအချက်အလက်များ ရေးသား မှတ်တမ်းတင်ထားသည့်စာရင်း ကိုဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အတိုးကြီးယူသော အသေးစားချေးငွေ လုပ်ငန်း လုပ်ကိုင်သူများ၏ အန္တရာယ်မှ ပြည်သူများကို ကာကွယ်ရန်။

(ခ) တရားဝင်ငွေကြေးဝန်ဆောင်မှုကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်။

(ဂ) သင့်တင့်သော အတိုးနှုန်းရှိသည့် ချေးငွေ များဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူဖြစ်စေရန်။

(ဃ) ချေးငွေစာချုပ်များအပေါ် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နိုင်စေရန်။

(င) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူနှင့် ငွေချေး ယူသူများ၏ ရပိုင်ခွင့်နှင့်တာဝန်များ သတ်မှတ်ပေးရန်။

## အခန်း(၃)
## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်-

(က) ပြည်နယ်အစိုးရအဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီး ဥက္ကဋ္ဌ

(ခ) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(ဂ) ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(ဃ) ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(င) ပြည်နယ်ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးမှူး အဖွဲ့ဝင်

(စ) ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှကိုယ်စားလှယ်တစ်ဦး အတွင်းရေးမှူး

## အခန်း(၄)
## ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၅။ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူများ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ် ခြင်းနှင့် ကြီးကြပ်ခြင်း။

(ခ) လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ် ခွင့်ပြုခြင်း။

(ဂ) လိုင်စင်လျှောက်ထားသူက တင်ပြရန် သတ်မှတ်သည့် အထောက်အထားများကို စိစစ်ခြင်း။

(ဃ) ချေးငွေပေါ်တွင် ခွင့်ပြုသည့်အတိုးနှုန်း သတ်မှတ်ခြင်း။

(င) လိုင်စင်များကို လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါ စနစ်ဖြင့်ဖြစ်စေ သတ်မှတ်ရောင်းချခြင်း။

(စ) မှတ်ပုံတင်လျှောက်လွှာပုံစံနှင့် ထိုလျှောက် လွှာတွင်ပါရှိသည့် အကြောင်းအရာများ သတ်မှတ်ခြင်း။

(ဆ) မှတ်ပုံတင်ကြေးသတ်မှတ်ခြင်း။

(ဇ) စည်းကမ်းလိုက်နာမှုမရှိသော အသေးစား ချေးငွေလုပ်ငန်း လုပ်ကိုင်သူများကို စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်ခြင်း။

(ဈ) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ များကို အခါအားလျော်စွာ ကွင်းဆင်း

စစ်ဆေးခြင်း။

(ည) မှတ်ပုံတင်သူ၏ အမည် ပြောင်းလဲခွင့်ပြုခြင်းနှင့် မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်း။

## အခန်း (၅)
## အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူများ၏ အရေးအတွက်သတ်မှတ်ချက်များ

၆။ ကြီးကြပ်ရေးအဖွဲ့သည်-

(က) သတ်မှတ်ထားသည့် အရေအတွက်ထက် မကျော်လွန်စေဘဲ၊ လိုင်စင်များကို လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ ရောင်းချရမည်။ ထိုသို့ ရောင်းချရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။

(ခ) လေလံအောင်၍ လိုင်စင်လျှောက်ထားခွင့်ရရှိသူက လျှောက်ထားလာသည့်အခါ ပုဒ်မ ၇ ပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှန်ကန်ပါက လိုင်စင်ကို ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လိုင်စင်ရသူသည် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို ပေးသွင်း၍ ဤဥပဒေအရ မှတ်ပုံတင်ရမည်။

## အခန်း (၆)
## လိုင်စင်ထုတ်ပေးရမည့် နည်းလမ်းများ

၇။ ကြီးကြပ်ရေးအဖွဲ့သည် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသူကို လိုင်စင်ထုတ်ပေးရမည်-

(က) လုပ်ငန်းလိုင်စင်လေလံအောင်မြင်သူ ဖြစ်ရမည်။

(ခ) လိုင်စင်လျှောက်လွှာပုံစံပါ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိရမည်။

(ဂ) မြန်မာနိုင်ငံသားဖြစ်ရမည်။

(ဃ) ပြစ်မှုမကင်းသောလုပ်ငန်း လုပ်ကိုင်သူ မဖြစ်စေရ။

(င) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာသူဖြစ်ရမည်။

(စ) လုပ်ငန်းလိုင်စင်ရယူသူသည် သတ်မှတ်ထားသော လိုင်စင်ကြေးကို သက်ဆိုင်ရာ ကြီးကြပ်ရေး အဖွဲ့သို့ လိုင်စင်ခွင့်ပြုပြီး ၁၅ ရက်အတွင်း ပေးသွင်းရမည်။

## အခန်း (၇)
## မှတ်ပုံတင်ခြင်း

၈။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူများအတွက် မှတ်ပုံတင်စာရင်းတစ်ခုထားရှိရမည်။

၉။ လိုင်စင်ရရှိသည့် အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

၁၀။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင် လိုသူက လိုင်စင်ရရှိပြီး မှတ်ပုံတင်ခွင့် လျှောက်ထားလာသည့်အခါစိစစ်၍ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး မှတ်ပုံတင် လက်မှတ်ထုတ်ပေးရမည်။

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းဖြင့် ရရှိသော မှတ်ပုံတင်ကြေးများကို ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေစာရင်းသို့ပေးသွင်းရမည်။

၁၁။ ပုဒ်မ ၁၀ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ တစ်ဆက်တစ်စပ်တည်း (၁၂)လအထိ အတည်ဖြစ်သည်။

၁၂။ မှတ်ပုံတင်အရာရှိသည်-

(က) သက်တမ်းကုန်ဆုံးသည့် မှတ်ပုံတင်လက်မှတ်များကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့မှ ပယ်ဖျက်ရန် ညွှန်ကြားသည့် မှတ်ပုံတင်လက်မှတ်ကို ချက်ချင်း သိမ်းယူ၍ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

## အခန်း (၈)
## တရားမမှုများ စွဲဆိုခြင်း

၁၃။ တရားမမှုများစွဲဆိုခြင်း ခေါင်းစဉ်အောက်ရှိ တရားရုံး၏

စီရင်ပိုင်ခွင့် ပုဒ်မ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ဖော်ပြချက်များနှင့် စပ်လျဉ်း၍ ယင်းအချက်များကို ပြည်ထောင်စုတရားလွှတ်တော် ရုံးချုပ်သို့ သဘောထားမှတ်ချက် တောင်းခံပါမည်။

၁၄။ တည်ဆဲဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူသည် ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိလျှင် သို့မဟုတ် မှတ်ပုံတင်သက်တမ်းကုန်ဆုံးလျှင် သို့မဟုတ် မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်းခံရလျှင် မည်သည့် တရားရုံးတွင်မျှ ထိုချေးငွေကို ပြန်လည်ရရှိရန် တရားစွဲဆိုခွင့်မရှိစေရ။ သို့ရာတွင် မှတ်ပုံတင်သက်တမ်းတည်ရှိနေစဉ် ကာလအတွင်း အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်ခဲ့သည့် ကိစ္စရပ်များနှင့် သက်ဆိုင် ခြင်းမရှိစေရ။

၁၅။ အာမခံရှိသည့် ချေးငွေဖြစ်စေ၊ အာမခံမရှိသည့် ချေးငွေဖြစ်စေ တစ်နှစ်လျှင် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်သည့် ရာခိုင်နှုန်းထက်ပို၍ အတိုးအတွက် ဒီဂရီချမှတ်ခြင်းမပြုရ။

၁၆။ တည်ဆဲဥပဒေတစ်ရပ်ရပ် သို့မဟုတ် ပဋိညာဉ်တွင် ဆန့်ကျင်ကွဲလွဲသည့်အချက် မည်မျှပင်ပါရှိစေကာမူ မည်သည့်တရား ရုံးကမျှ ဤဥပဒေစတင်အာဏာမတည်မီက ဖြစ်စေ၊ အာဏာတည်ပြီး နောက်မှဖြစ်စေ ထုတ်ပေးသည့် ချေးငွေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မူလထုတ်ချေးသည့်ငွေရင်းနှင့် မပေးဆပ်သေးဘဲ ကျန်ရှိနေသည့် အတိုးထက်ပို၍ ဒီဂရီချမှတ်ခြင်းမပြုရ။ ထိုအတိုးမှလည်း ပေးဆပ်ပြီး အတိုးတစ်ရပ်ရပ်နှင့်ပေါင်းလျှင် အဆိုပါ ငွေရင်းထက်မပိုစေရ။

၁၇။ ဤဥပဒေစတင်အာဏာမတည်မီက ထုတ်ပေးသည့် ချေးငွေ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဥပဒေအာဏာမတည်မီက စွဲဆိုသည်ဖြစ်စေ၊ အာဏာတည်ပြီးနောက်မှ စွဲဆိုသည်ဖြစ်စေ၊ ထိုသို့စွဲဆိုသည့်အမှုတွင် သို့မဟုတ် ဆောင်ရွက်သည့် မှုခင်းတွင်သော် လည်းကောင်း၊ ထိုသို့သောအမှုမှ သို့မဟုတ် မှုခင်းမှဖြစ်ပေါ်သော အယူခံမှုတွင် သို့မဟုတ် ပြင်ဆင်မှုတွင်သော်လည်းကောင်း တရားရုံးသည် အောက်ဖော်ပြပါအာဏာတစ်ရပ်ရပ်ကို သုံးစွဲနိုင်သည်-

(က) ငွေကြေးဆက်ဆံမှုကို အသစ်ပြန်ဖွင့်၍ နှစ်ဘက်သော အမှုသည်များနှင့် သက်ဆိုင်သည့်စာရင်းများကို ရှင်းပြီးလျှင် အာမခံရှိသည့်ချေးငွေတွင်ဖြစ်စေ၊ အာမခံမရှိသည့်ချေးငွေတွင်ဖြစ်စေ တစ်နှစ်လျှင် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်သည့် ရာခိုင်နှုန်း ထက်ပိုသော အတိုးနှင့်စပ်လျဉ်း၍ တာဝန်အားလုံး မှငွေချေးယူသူအား ကင်းလွတ်စေနိုင်သည့် အာဏာ။

(ခ) ယခင်က ငွေကြေးဆက်ဆံမှုကို အပြီးသတ်၍ တာဝန်အသစ်ဖြစ်လာအောင် ချုပ်ဆိုရာရောက်သော သဘောတူချက်တစ်ခုခု ရှိစေကာမူ နှစ်ဦးနှစ်ဘက်သော အမှုသည်များက အချင်းချင်း ရှင်းလင်းပြီးဖြစ်သော စာရင်းတစ်ခုခုကို အသစ်ပြန်ဖွင့်ပြီးလျှင် အာမခံရှိသည့်ချေးငွေတွင်ဖြစ်စေ၊ အာမခံမရှိသည့် ချေးငွေတွင်ဖြစ်စေ တစ်နှစ်လျှင် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်သည့် ရာခိုင်နှုန်း ထက်ပိုသော အတိုးနှင့်စပ်လျဉ်း၍ တာဝန်အားလုံးမှ ငွေချေးယူသူအား ကင်းလွတ်စေနိုင်သည့် အာဏာ။

(ဂ) မည်သည့်ချေးငွေနှင့်မဆို စပ်လျဉ်း၍ ပေးသည့် အာမခံပစ္စည်းကို သို့မဟုတ် ပြုလုပ်သည့်သဘော တူညီချက်ကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ဖြစ်စေ ပျက်ပြယ်နိုင်သည့် သို့မဟုတ် ပြင်ဆင်နိုင်သည့် သို့မဟုတ် လွှဲပြောင်းနိုင်သည့် အာဏာ၊ ထို့ပြင် အာမခံပစ္စည်းကို အသေးစားချေးငွေ လုပ်ငန်းလုပ်ကိုင်သူက လက်လွှတ်ပြီးဖြစ်လျှင် တရားရုံးက တရားသည် ထင်မြင်သည့်အတိုင်း ထိုသို့တရားသည်ထင်မြင်သည့် အသေးစား ချေးငွေလုပ်ငန်းလုပ်ကိုင်သူက ငွေချေးယူသူ အား လျော်ကြေးပေးရန် အသေးစားချေးငွေ လုပ်ငန်း လုပ်ကိုင်သူအပေါ်တွင် အမိန့်ချမှတ်နိုင်သည့် အာဏာ။

သို့ရာတွင် ဤအာဏာများကို သုံးစွဲရာ၌ တရားရုံးသည်-

(၁) ယခင်ဆက်ဆံမှုများကို အပြီးသတ်၍ တာဝန်အသစ်ဖြစ်လာအောင် ချုပ်ဆိုရာရောက်သော်လည်း အမှုသည်များကသော်လည်းကောင်း၊ ထိုသူတို့အတွက် တစ်ဆင့်တောင်းဆိုသူများ က သော်လည်းကောင်း အမှုကို မစွဲဆိုမီ (၆) နှစ်ကျော်က ချုပ်ဆိုခဲ့ပြီးသော သဘောတူညီချက်တစ်ခုခုကို အသစ်ပြန်မဖွင့်ရ။

(၂) ယခင်က အမှုတစ်ခုခုတွင် တရားရုံးကချမှတ်ပြီးဖြစ်သည့် ဒီဂရီတစ်ခုခုကို ထိခိုက်အောင်မည်သည့်အရာကိုမျှ မပြုရ။ ထို့ပြင်လည်း အာမခံရှိသည့် ချေးငွေတွင်ဖြစ်စေ၊ အာမခံမရှိသည့် ချေးငွေတွင်ဖြစ်စေ၊ တစ်နှစ်လျှင် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်သည့် ရာခိုင်နှုန်းထက်ပိုသော အတိုးနှင့် စပ်လျဉ်း၍ အရာတစ်ခုခုကိုပေးပြီးဖြစ်လျှင် သို့မဟုတ် ခွင့်ပြုပြီးဖြစ်လျှင် ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ(ခ)ပါ စကားကြောင့်ယင်းသို့ ပို၍ပေးသည့် (သို့) ခွင့်ပြုသည့် ငွေတစ်ရပ်ရပ်ကို ပြန်ပေးရန်သော်လည်းကောင်း၊ ငွေရင်းကို လျှော့ရန် သော်လည်းကောင်း အသေးစားချေးငွေ လုပ်ငန်းလုပ်ကိုင်သူအား ဆင့်ဆိုသည်ဟုမမှတ်ယူရ။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၈။ ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် အသေးစားချေးငွေ လုပ်ငန်းလုပ်ကိုင်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်နိုင်သည်-

(က) သတိပေးခြင်း။

( ခ ) လုပ်ငန်းဆောင်ရွက်ချက်များကို ကန့်သတ်ချက်များပါဝင်သည့် အမိန့်များချမှတ်ခြင်း။

( ဂ ) ဒဏ်ကြေးပေးဆောင်စေခြင်း။

(ဃ) လုပ်ငန်းကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း။

( င ) လိုင်စင်ပယ်ဖျက်ခြင်း။

၁၉။ ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေစတင် အာဏာတည်ပြီးနောက် ပုဒ်မ ၂၉နှင့် ပုဒ်မ ၃၀အရ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူကို ပြစ်မှုကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ယင်းအသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည်။

၂၀။ ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ တို့အရ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူအား ခုခံချေပခွင့်ပေးရမည်။

၂၁။ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူသည် ကြီးကြပ်ရေးအဖွဲ့၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြည်နယ်အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၂၂။ ပုဒ်မ ၂၁ အရ အယူခံမှုတွင် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

၂၃။ ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၁၀)
## တားမြစ်ချက်များ

၂၄။ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူသည် ဤဥပဒေအရ မှတ်ပုံတင်လက်မှတ် မရမချင်း အသေးစားချေးငွေလုပ်ငန်းအား စတင်ဆောင်ရွက်ခြင်း မပြုရ။

၂၅။ (က) အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူသည်-

(၁) ငွေချေးယူအသီးသီးအတွက် အောက်ပါ အကြောင်းအရာများ ဖော်ပြသော ငွေစာရင်းကို နည်းလမ်းတကျ ရေးမှတ်ထား ရှိရမည်-

(កက) ချေးငွေထုတ်ပေးသည့် နေ့ရက်နှင့် စည်းကမ်းချက်များ၊ ထုတ်ပေးသည့်ငွေပေါင်း၊ တောင်းဆိုသည့် အတိုးနှုန်း၊ ထို့အပြင် အပေါင်ထားသည့် ပစ္စည်းများရှိလျှင် ထိုပစ္စည်းများ။

(ခခ) ချေးငွေနှင့် စပ်လျဉ်း၍ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူ ရရှိသည့်ငွေအသီးသီးနှင့် ထိုငွေ အသီးသီးကို ပေးဆပ်သည့် နေ့ရက်။

(၂) ငွေချေးယူသူထံ ငွေပေးလျှင် ငွေချေးယူသူက ငွေရကြောင်း လက်မှတ်ကို နည်းလမ်းတကျ လက်မှတ်ရေးထိုး၍ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် ယင်း၏

ကိုယ်စားလှယ်အား လည်းကောင်း၊ ငွေချေးယူသူထံမှ ပြန်ဆပ်ငွေကို ရလျှင် အသေးစားချေးငွေ လုပ်ငန်း လုပ်ကိုင်သူက သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်က ငွေရကြောင်း လက်မှတ်ကို နည်းလမ်းတကျ လက်မှတ် ရေးထိုး၍ ငွေချေးယူသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ် အားလည်းကောင်း ထုတ်ပေးရမည်။

(၃) ပုဒ်မခွဲငယ်(၁) ၊ ပုဒ်မခွဲငယ်စိပ်(ကက)အရ ရေးမှတ်ထားသည့် ရေးသွင်းချက်များ၏ မိတ္တူမှန် တစ်စောင်ကို ချေးငွေထုတ်ပေးမည့် နေ့ရက်တွင် ငွေချေးယူသူအား သို့မဟုတ် ယင်း၏ ကိုယ်စားလှယ် အား ပေးရမည်။

(၄) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူက သို့မဟုတ် ထိုသူ၏ ကိုယ်စားလှယ်က လက်မှတ် ရေးထိုးသည့် ငွေစာရင်းရှင်းတမ်း တစ်ခုကိုငွေပြန်ဆပ်သည့် အချိန်တွင် ငွေချေးယူသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ် အားပေးရမည်။ ထို့ပြင် ထိုရှင်းတမ်းကို ရေးသားသည့် နေ့ရက်အထိ အရင်းနှင့် အတိုးအတွက် ထိုငွေချေးယူသူက ပေးဆပ် ရန်ကျန်ရှိနေသော ငွေပမာဏကိုလည်းကောင်း၊ ထိုရှင်းတမ်းနှင့် သက်ဆိုင်သည့် အချိန်ကာလအတွင်းတွင် ချေးငွေနှင့် စပ်လျဉ်း၍ အသေးစားချေးငွေ လုပ်ငန်း လုပ်ကိုင်သူ ပြန်လည် ရရှိသည့် ငွေအသီးသီးနှင့် ထိုငွေအသီးသီးပေးဆပ်သည့် နေ့ရက်ကိုလည်းကောင်း၊ ထိုရှင်းတမ်း၌ ဖော်ပြရမည်။

(၅) အပေါင် သို့မဟုတ် အာမခံထား သည့် ပစ္စည်းအသီးသီးရရှိကြောင်း လက်မှတ်ကို ထိုပစ္စည်း အကြောင်းအရာ ယေဘုယျ ဖော်ပြချက်နှင့်တကွ ထိုပစ္စည်းကို ငွေမည်မျှနှင့်အပေါင် သို့မဟုတ် အာမခံ ထားကြောင်း ဖော်ပြလျက် အသေးစား ချေးငွေလုပ်ငန်း လုပ်ကိုင်သူကဖြစ်စေ၊ ထိုသူ၏ ကိုယ်စားလှယ်ကဖြစ်စေ လက်မှတ် ရေးထိုး၍ ငွေချေးယူသူအား ပေးရမည်။

(၆) ချေးငွေကို အပြေအကျေပေးဆပ် ပြီးလျှင် ပြီးချင်း ထိုချေးငွေကို ပြန်၍ ပေးဆပ်မှု အတွက် ရယူထားသော စာချုပ်စာတမ်း အသီးသီးနှင့်တကွ အပေါင် သို့မဟုတ် အာမခံပစ္စည်း အားလုံးကို ငွေချေးယူသူအား ပြန်ပေးရမည်။

(ခ) ပုဒ်မခွဲ (က)အရ ပေးအပ်သော ငွေစာရင်း တွင် ရေးသွင်းချက်များ၏ မိတ္တူမှန် သို့မဟုတ် ငွေစာရင်းရှင်းတမ်းမိတ္တူကို ငွေချေးယူသူအား ပေးရသည့်အတွက် အခကြေးငွေမတောင်းရ။

၂၆။ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူသည် တည်ဆဲ ဥပဒေတစ်ရပ်ရပ် သို့မဟုတ် ပဋိညာဉ်တွင် ဆန့်ကျင်ကွဲလွဲသည့် အချက် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေစတင် အာဏာတည်ပြီးနောက် ထုတ်ချေးသည့်ငွေများအတွက် နှစ်ထပ်တိုးမယူရ။

၂၇။ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူသည် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်ရာတွင် ဖြည့်သွင်း ရေးသားရန် ကွက်လပ် တစ်ခုခုချန်၍ စာချုပ်စာတမ်းများကို ငွေချေးယူသူ သို့မဟုတ် ငွေချေး ယူသူဖြစ်ရန် ကြံရွယ်သူထံမှ ယူမထားရ။

၂၈။ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူသည် မိမိလုပ်ကိုင် သည့် အသေးစားချေးငွေလုပ်ငန်းနှင့် စပ်လျဉ်း၍ စာရင်းများကို အစစ်ဆေးခံရန် ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိသူကိုသာ တင်ပြရမည်။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၉။ မှတ်ပုံတင်ထားသည့် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင် သူသည် ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၄ ပါတားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၃၁။ ၁၉၄၅ ခုနှစ်၊ ငွေတိုးချေးစားသူများအက်ဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်အတည်ဖြစ်သည့် ကာလ အပိုင်းအခြားသည် ဤဥပဒေအာဏာတည်သော နေ့ရက်မှစ၍ စေ့ကုန်သည်ဟု မှတ်ယူရမည်။

၃၂။ ချေးငွေပဋိညာဉ်တစ်ခုခုတွင်သော်လည်းကောင်း၊ အပေါင်စာချုပ်တစ်ခုခုတွင် သော်လည်းကောင်း ဆန့်ကျင်ကွဲလွဲသည့်အချက် မည်သို့ပင်ပါရှိစေကာမူ အပေါင်ပစ္စည်း သို့မဟုတ် အာမခံပြုထားသည့်ပစ္စည်း ပြန်လည်ရွေးယူခွင့်ရှိသည့် ကာလအပိုင်းအခြားမှာ တည်ဆဲဥပဒေတွင် ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်သည့် အတိုင်းဖြစ်ရမည်။ ဤပုဒ်မပါ သတ်မှတ်ချက်များသည် တည်ဆဲဥပဒေနှင့်အညီ အပေါင်ဆိုင်လိုင်စင်ရသူထံ ပေါင်နှံထားသည့် ပစ္စည်းများနှင့် မသက်ဆိုင်စေရ။

၃၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ သို့မဟုတ် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဆိုင်ရာဥပဒေ သို့မဟုတ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေအရ ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ လုပ်ကိုင်ခွင့်ပြုထားသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုချက်ရရှိထားခြင်းမရှိသူသည် ဤဥပဒေအရ လိုင်စင် ရယူရမည်။

၃၄။ ပုဒ်မ ၂၉ နှင့် ပုဒ်မ ၃၀ တို့အရ တရားစွဲဆိုရာတွင် ကြီးကြပ်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၃၅။ အသေးစားချေးငွေလုပ်ငန်းအား စစ်ဆေးရန်လိုအပ်သည့် အခြေအနေတွင် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ထိုအဖွဲ့မှတာဝန် ပေးအပ်သောသူသည် အသေးစားချေးငွေ လုပ်ငန်း လုပ်ကိုင်ခြင်းနှင့်သက်ဆိုင်သည့် ငွေစာရင်းနှင့် လုပ်ငန်းများကို စစ်ဆေးနိုင်သည်။

၃၆။ The Money Lenders Act, 1945 အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးအဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းမှုအား လိုအပ်ပါက ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်လည်ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။ (ပုံ) ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့။

---

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ
ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်

People's Voice, Hluttaw's Voice
People's Will, Hluttaw's Will
People's Expectation, Hluttaw's Implementation

# ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ရှမ်းပြည်နယ် ကြက်မွေးမြူရေး ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)မှာ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီအနေဖြင့် ရှမ်းပြည်နယ် ကြက်မွေးမြူးရေးဥပဒေ(မူကြမ်း)အား ကော်မတီအတွင်းရေးမှူး ဦးညီညီ(ခ) ဦးညီလေးချမ်းက လွှတ်တော်သို့ အောက်ပါအတိုင်း တင်သွင်းခဲ့ပါသည်-

ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ (မူကြမ်း)မှာ အခန်းပေါင်း(၁၁)ခန်းနှင့် အခန်း(၁) အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက်များ၊ အခန်း(၃) ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များ၊ အခန်း(၄) ကြက်မွေးမြူရေးဇုန်ထူထောင်ခြင်း၊ အခန်း(၅) ကြက်မွေးမြူရေးခြံ ပိုင်ရှင်၏လုပ်ငန်းတာဝန်များ၊ အခန်း(၆) မှတ်ပုံတင်ခြင်း၊ အခန်း (၇) စီမံခန့်ခွဲခြင်းနှင့်အရေးယူခြင်း၊ အခန်း(၈) အယူခံခြင်း၊ အခန်း(၉) တားမြစ်ချက်များ၊ အခန်း(၁၀) ပြစ်ဒဏ်များနှင့် အခန်း(၁၁) အထွေထွေ ဟူ၍ ပါရှိပါသည်။

အခန်း(၁) အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်တွင် ပုဒ်မ (၂)ခုနှင့် ပုဒ်မခွဲ (၁၀)ခုပါဝင်ပါသည်။

အခန်း(၂) ရည်ရွယ်ချက်များတွင် ပုဒ်မ ၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကြက်မွေးမြူရေးလုပ်ငန်းများ စနစ်တကျ စီမံခန့်ခွဲ နိုင်ရန်။

(ခ) ကြက်မွေးမြူရေးဇုန်များ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်။

(ဂ) ကြက်မွေးမြူရေးလုပ်ငန်းများ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်စေရန်။

(ဃ) ကြက်မွေးမြူရေးလုပ်ငန်းများမှထွက်ရှိ သော အနံ့အသက်ဆိုးနှင့် ကူးစက်ရောဂါများ ပြည်သူလူထုသို့အလွယ်တကူ ကူးစက်ခြင်းမှ ကာကွယ်ရန်။

(င) ကြက်မွေးမြူရေးလုပ်ငန်းများ လုံခြုံမှုရှိစေရန်။

ဆိုပြီးတော့ ပုဒ်မ၃မှာ ပုဒ်မခွဲ(၅)ခုဖြင့် ဖော်ပြထားတာကိုတွေ့ရပါသည်။

အခန်း(၃)တွင် ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ လုပ်ငန်းတာဝန်များကို ဖော်ပြထားတာကိုတွေ့ရှိရမှာ ဖြစ်ပါသည်။ ကော်မတီကို ကော်မတီဝင်(၉)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ကော်မတီ ဖွဲ့စည်းသည့် ကိစ္စနှင့်ပတ်သက်၍ ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆ ဖြင့်ဖွဲ့စည်းထားပြီးတော့ ပုဒ်မ ၆ မှာဆိုလျှင် ကော်မတီရဲ့ လုပ်ငန်းတာဝန်ကို ပုဒ်မခွဲ (က)မှ(ဇ)ထိ ဖော်ပြထားတာကိုလည်း တွေ့ရပါသည်။

အခန်း(၄)တွင် ကြက်မွေးမြူရေးဇုန် ထူထောင်ခြင်းနှင့်ပတ်သက်၍ ပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂ ဆိုပြီး ထည့်သွင်းဖော်ပြထားတာကိုလည်း တွေ့ရှိရပါသည်။

အခန်း(၅)၊ ကြက်မွေးမြူရေးခြံပိုင်ရှင်၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်ပြီး ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆ ဆိုပြီး ထည့်သွင်းဖော်ပြထားတာကိုလည်း တွေ့ရှိရပါသည်။

အခန်း(၆)၊ မှတ်ပုံတင်ခြင်းတွင် ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ စသည်ဖြင့် ထည့်သွင်းဖော်ပြထားတာကိုလည်း တွေ့ရှိရပါသည်။ ပုဒ်မ ၁၈ မှာဆိုလျှင်လည်း ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)ဆိုပြီး ထည့်သွင်းရေးဆွဲထားတွေ့ရပါသည်။ ပုဒ်မ ၁၉ မှာဆိုလျှင်လည်း ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) ဟူ၍ ခွဲခြား ဖော်ပြထားသည်ကို တွေ့ရပါသည်။

အခန်း(၇)၊ စီမံခန့်ခွဲခြင်းနှင့် အရေးယူခြင်းတွင်လည်း ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂ စသည်ဖြင့် ထည့်သွင်း ဖော်ပြထားတာကိုလည်း တွေ့ရှိရပြီး၊ ပုဒ်မ ၂၂ တွင် ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)ဆိုပြီး ခွဲခြားထားတာကိုလည်း တွေ့ရပါသည်။

အခန်း(၈) အယူခံခြင်းများမှာလည်း ပုဒ်မ၂၃၊ ပုဒ်မ၂၄၊

ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ ဆိုပြီးပြဋ္ဌာန်းထားတာကိုလည်း တွေ့ရှိရပါသည်။

အခန်း(၉)၊ တားမြစ်ချက်များမှာလည်း ပုဒ်မ၂၇၊ ပုဒ်မ၂၈၊ ပုဒ်မ၂၉၊ ပုဒ်မ ၃၀ ဆိုပြီး ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါသည်။

အခန်း(၁၀)၊ ပြစ်ဒဏ်များမှာလည်း ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃ ဆိုပြီး ပြဋ္ဌာန်းထားတာကိုလည်း တွေ့ရှိရပါသည်။

အခန်း(၁၁)၊ အထွေထွေကဏ္ဍဖြစ်ပြီး ပုဒ်မ ၃၄၊ ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ထိ ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။ (ပုံ) ဒေါက်တာလင်းထွဋ်၊ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဟု ဖော်ပြထားသော ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ (မူကြမ်း)ကို လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါသည်။

## ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(တတိယနေ့)မှာ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်းမှ လွှတ်တော်သို့ ဖတ်ကြားတင်ပြခဲ့ပါသည်။

နိဒါန်း

ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေအခန်း(၄)၊ ပုဒ်မ ၂၅နှင့် ၂၆ပါ ပြည်နယ်စာရင်းစစ်ချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ရှမ်းပြည်နယ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေစာရင်းပါ ရငွေများ ပြည့်ဝစွာရှိစေရန် ဆောင်ရွက်ခြင်း ရှိ/မရှိနှင့် သုံးစွဲခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာ အသုံးပြု/ မပြု စစ်ဆေးခြင်း၊ ပြည်နယ်အဆင့် ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကို စစ်ဆေးခြင်း၊ ငွေစာရင်းနှင့် ပစ္စည်းစာရင်းများ စစ်ဆေးခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်သည့် အခြားတာဝန်များ ထမ်းဆောင်ခြင်းနှင့် မိမိ၏ ဆောင်ရွက်ချက်များကို ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြရခြင်းဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှု အခြေအနေအရ ရငွေပေါင်းချုပ်တွင် ခန့်မှန်းခြေ ကျပ် ၂၄၉၆၇၉. ၅၆၀ သန်း၊ အမှန်ရငွေ ကျပ် ၂၄၆၆၈၈. ၇၂၆ သန်း၊ ပိုရ/လျော့ရငွေ ကျပ် ၂၉၉၀. ၈၃၄ သန်းဖြစ်ပြီး၊ အခွန်ရငွေ ခန့်မှန်းခြေ ကျပ် ၃၇၈၃. ၉၈၁ သန်း၊ အမှန်ရငွေ ကျပ် ၄၅၁၇. ၉၅၃ သန်း၊ ပိုရငွေ ကျပ် ၈၃၃. ၉၇၂ သန်း၊ သာမန်ရငွေ ခန့်မှန်းခြေ ကျပ် ၂၃၉၈၃. ၀၂၂ သန်း၊ အမှန်ရငွေ ကျပ် ၂၃၃၂၄. ၀၉၄ သန်း၊ လျော့ရငွေ ကျပ် ၆၅၈. ၉၂၈ သန်း၊ ငွေလုံးငွေရင်းရငွေ ခန့်မှန်းခြေ ကျပ် ၄. ၅၅၇ သန်း၊ အမှန်ရငွေ ကျပ် ၂၈. ၄၀၇ သန်း၊ ပိုရငွေ ကျပ် ၂၃. ၈၅၀ သန်း၊ ထောက်ပံ့ငွေ ခန့်မှန်းခြေ ကျပ် ၅၅၀၀. ၀၀၀ သန်း၊ အမှန်ရငွေ ကျပ် ၅၀၀၀. ၀၀၀ သန်း၊ လျော့ရငွေ ကျပ် ၅၀၀. ၀၀၀ သန်း၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ ခန့်မှန်းခြေ ကျပ် ၂၁၆၄၀၈. ၀၀၀ သန်း၊ အမှန်ရငွေ ကျပ် ၂၁၃၇၁၈. ၂၇၂ သန်း၊ လျော့ရငွေ ကျပ် ၂၆၈၉. ၇၂၈ သန်း တို့ဖြစ်ပါသည်။

သုံးငွေစာရင်းချုပ်တွင် ခန့်မှန်းခြေ ကျပ် ၂၅၂၇၃၂. ၃၆၁ သန်း၊ အမှန်သုံးငွေ ကျပ် ၂၅၂၅၉၂. ၂၄၅ သန်း၊ ပိုလျှံငွေ ကျပ် ၁၄၀. ၁၁၆ သန်းဖြစ်ပြီး၊ သာမန်အသုံးစရိတ် ခန့်မှန်းခြေ ကျပ် ၉၂၇၂၆. ၉၄၂ သန်း၊

အမှန်သုံးငွေ ကျပ် ၉၂၇၂၀. ၁၃၈ သန်း၊ ပိုလျှံငွေ ကျပ် ၆. ၈၀၄ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ခန့်မှန်းခြေ ကျပ် ၁၆၀၀၀၅. ၄၁၉ သန်း၊ အမှန်သုံးငွေ ကျပ် ၁၅၉၈၇၂. ၁၀၇ သန်း၊ ပိုလျှံငွေ ကျပ် ၁၃၃. ၃၁၂ သန်းတို့ ဖြစ်ပါသည်။

ရှင်းလင်းချက်

(က) အခွန်ရငွေလျာထားချက်အတွက် ကျပ်သန်း ၈၃၃. ၉၇၂ ပိုမိုခြင်းမှာ ယစ်မျိုးခွန်၊ ဓာတ်သတ္တုခွန်နှင့် သစ်တောခွန် ပိုမိုရရှိခြင်း၊ အခွန်ထမ်းသစ်များ ရှာဖွေဖော်ထုတ် စည်းကြပ်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

(ခ) သာမန်ရငွေလျာထားချက် ကျပ်သန်း ၆၅၈. ၉၂၈ လျော့နည်းခြင်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရငွေမှ မြေအသုံးချမှုပရီမီယံကြေး၊ အင်းဇုန်ဝင်ခွင့်နှင့် ဝင်ငွေခွန် များလျော့နည်းရရှိ၍ ဖြစ်ပါသည်။

(ဂ) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေလျာထားချက်ထက် ကျပ်သန်း ၅၀၀. ၀၀၀ လျော့နည်းခြင်းမှာ မိုင်းလား၊ နားဖန်၊ ပန်ဆိုင်း၊ ပန်ဝိုင်၊ မိုင်းမောမြို့နယ် ၅ ခုတွင် ရွေးကောက်ပွဲ ကျင်းပနိုင်မှုမရှိ၍ နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် မလိုအပ်ခြင်းကြောင့် ဖြစ်ပါသည်။

(ဃ) သာမန်အသုံးစရိတ် အပြီးသတ်ခွင့်ပြုငွေ ကျပ်သန်း ၉၂၇၂၆. ၉၄၂ တွင် သုံးစွဲငွေ ကျပ်သန်း ၉၂၇၂၀. ၁၃၈ ဖြစ်၍ ကျပ်သန်း ၆. ၈၀၄ ပိုလျှံပြီး ငွေလုံးငွေရင်း အသုံးစရိတ် အပြီးသတ်ခွင့်ပြုငွေကျပ်သန်း ၁၆၀၀၀၅. ၄၁၉ တွင် သုံးစွဲငွေ ကျပ်သန်း ၁၅၉၈၇၂. ၁၀၇ ဖြစ်၍ ကျပ်သန်း ၁၃၃. ၃၁၂ ပိုလျှံကြောင်း တွေ့ရပါသည်။

(င) သာမန်အသုံးစရိတ် ကျပ်သန်း ၆. ၈၀၄နှင့် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်း ၁၃၃. ၃၁၂ ပိုလျှံငွေဖြစ်ပေါ်ရခြင်းမှာ ကိန်းဂဏန်းများ မှားယွင်းစွာရေးသားမိခြင်း၊ ဘဏ္ဍာရေးနှစ်အတွင်း ပြန်လည်ပေးသွင်းငွေအား သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်အောက်တွင် အနုတ်အသုံးစရိတ် စာရင်းပြုခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပိုလျှံငွေပြန်လည်အပ်နှံမှု

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းမှ ဌာန၊ အဖွဲ့အစည်းများ၏ ပိုလျှံငွေပြန်လည်အပ်နှံမှုကို အောက်တွင် ဖော်ပြထားပါသည်-

(က) သာမန်အသုံးစရိတ် မူလခွင့်ပြုငွေ ကျပ်သန်း ၉၅၀၈၉. ၂၃၄ မှ ပိုလျှံငွေ ကျပ်သန်း ၄၂၃၀. ၇၁၆ (၄. ၄၅%)နှင့် ငွေလုံးငွေရင်း အသုံးစရိတ် မူလခွင့်ပြုငွေ ကျပ်သန်း ၁၅၄၆၁၁. ၉၂၇မှ ကျပ်သန်း ၁၅၅၄. ၈၆၂ (၁. ၀၁%)တို့အား ပြန်လည်အပ်နှံထားကြောင်း တွေ့ရပါသည်။

(ခ) မူလခွင့်ပြုငွေမှ ပြန်လည်အပ်နှံခဲ့ရခြင်းမှာ သာမန် အသုံးစရိတ်တွင် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ဗဟိုပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံးတို့တွင် တိုးချဲ့ဖွဲ့စည်းပုံအရ ခွင့်ပြုဝန်ထမ်း အင်အား၊ လစ်လပ်ဝန်ထမ်း အင်အားများ ခန့်ထားနိုင်မှုမရှိခဲ့ခြင်းနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ စီမံသုတေသနစရိတ် ခန့်မှန်းသည်ထက် လျော့နည်းခြင်းကြောင့် ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်တွင် ပြည်နယ်လွှတ်တော်မှ ရှမ်းပြည်နယ် လွှတ်တော် အဆောက်အဦ ဆောက်လုပ်ခြင်း လုပ်ငန်းတစ်ခုလုံး ပြီးစီးအောင် ဆောင်ရွက်ရန် အချိန်လုံလောက်မှု မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

(ဂ) သာမန်အသုံးစရိတ်ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်း ၂၂၉၅. ၈၁၃ မှ ပိုလျှံငွေ ကျပ်သန်း ၄၂၆. ၃၈၉ (၁၈. ၅၇%)နှင့် ငွေလုံးငွေရင်း အသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်း ၅၂၅၄. ၆၆၉ မှ ကျပ်သန်း ၀. ၆၅၀ (၀. ၀၁%)တို့အား ပြန်လည်အပ်နှံထား ကြောင်းတွေ့ရပါသည်။

(ဃ) ဖြည့်စွက်ခွင့်ပြုငွေမှ ပြန်လည်အပ်နှံခဲ့ရခြင်းမှာ သာမန်အသုံးစရိတ်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ရှမ်းပြည်နယ်အုပ်ချုပ်ရေးမှူးရုံး)နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရှမ်းပြည်နယ်ရုံး) တို့မှ ဖွဲ့စည်းပုံအရ ခွင့်ပြုဝန်ထမ်းအင်အားများကို အပြည့် မခန့်ထားနိုင်ခဲ့ခြင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရှမ်းပြည်နယ်ရုံး)မှ ရုံးသုံးပရိဘောဂနှင့် စက်ပစ္စည်းများ ရောင်းချခြင်းအတွက်

ကုန်သွယ် လုပ်ငန်းခွန်မှ မှားယွင်းတွက်ချက် လျှာထားမိ၍ ပိုငွေဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

နိုင်ငံတော်သို့ပြန်လည်ပေးသွင်းမှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးတွေ့ရှိချက်အရ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းမှုကို တင်ပြလိုပါသည်။ ဗဟိုအဖွဲ့အစည်း နှင့်ဝန်ကြီးဌာန(၂)ခုအတွက် ပေးသွင်းပြီး ငွေကျပ်သန်းပေါင်း ၄. ၂၂၀ နှင့် ဝန်ကြီးဌာန(၈)ခုအတွက် ပေးသွင်းပြီး ကျပ်သန်းပေါင်း ၈၃. ၃၃၉၊ စုစုပေါင်း ပေးသွင်းပြီးငွေ ကျပ်သန်းပေါင်း ၈၇. ၅၅၉ ဖြစ်ပါသည်။ စစ်ဆေးတွေ့ရှိချက် အရ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရမည့်ငွေ စုစုပေါင်း ကျပ်သန်း ၈၇. ၅၅၉ ကို ဌာနအဖွဲ့အစည်းများ၏ ငွေထုတ်စာရင်းများသို့ အားလုံးပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ တာဝန်ပေးချက် အရ စစ်ဆေးမှု ၅၀ ခုရှိပြီး အစီရင်ခံစာများ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ တာဝန်ပေး စစ်ဆေးမှုတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အတွင်း ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ ကောက်ခံခြင်း၊ သုံးစွဲခြင်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များ တွေ့ရှိရပါသည်-

(က) ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ခေတ္တစိုက်ထုတ်ပေးငွေ ကျပ်သန်း ၂၃၆. ၀၅၄ မှ ကျပ်သန်း ၂၀၂. ၅၃၀ ပြန်လည်ရရှိပြီးဖြစ်သဖြင့် ကျပ်သန်း ၃၃. ၂၅၄ ပြန်လည်ပေးသွင်းရန် ကျန်ရှိနေသေးခြင်း။

(ခ) အင်းလေးဒေသဇုန်ဝင်ခွင့် ကောက်ခံခြင်းလုပ်ငန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် လေလံအောင်မြင်သူထံမှ စာချုပ်စည်းကမ်းအရ ပေးသွင်းရန် ပျက်ကွက်ခြင်းနှင့် အပြည့်အဝ မပေးသွင်းခြင်းအတွက် ဒဏ်ကြေးငွေ ကျပ်သန်း ၀. ၉၉၀ကို ကောက်ခံပေးသွင်းရန် လိုအပ်ခြင်း။

(ဂ) အင်းလေးဒေသဟိုတယ်ဇုန်စီမံကိန်း ဆောင်ရွက်ရန် ရောင်းချပြီးသည့်မြေ ၂၉၉. ၇၄၀ ဧကအတွက် မြေအသုံးချမှု ပရီမီယံကြေး ကျပ်သန်း ၈၉၉. ၂၂၀ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ငွေထုတ်စာရင်း (MD) သို့သက်ဆိုင်ရာ စာရင်းရှင်မှ ထုတ်ယူပေးသွင်းရန် လိုအပ်ခြင်း။

(ဃ) ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကုမ္ပဏီ(၃)ခုသို့ ချေးငွေများ ထုတ်ပေးမှုနှင့်စပ်လျဉ်း၍ ချေးငွေ(အရင်း) ကျပ်သန်း ၅၆၀၀. ၀၀၀နှင့် (အတိုး) ကျပ်သန်း ၁၃၆၁. ၃၁၁ အပါအဝင် စုစုပေါင်း ကျပ်သန်း ၆၉၆၁. ၃၁၁ ကို စစ်ဆေးချိန် (၃၁. ၇. ၂၀၁၇) ရက်နေ့အထိ ပေးဆပ်မှုမရှိသေးသဖြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး ငွေထုတ်စာရင်း (MD)သို့ ပြန်လည်ကောက်ခံပေးသွင်းရန် လိုအပ်ခြင်း။

(င) အလတ်စားနှင့် အသေးစား လျှပ်စစ်ဖော်ထုတ်ခြင်းဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်ရန် မြေငှားရမ်းသည့် သဘောတူစာချုပ် ဆောင်ရွက်သည့် လုပ်ငန်း(၉)ခုအတွက် ကုမ္ပဏီ(၇)ခုထံမှ မြေငှားရမ်းခ ကျပ်သန်း ၇. ၆၂၀ ကို စာချုပ်စည်းကမ်းနှင့်အညီ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၊ ငွေထုတ်စာရင်း (MD)သို့ ပေးသွင်းမှုမရှိသေးသဖြင့် ကောက်ခံပေး သွင်းရန်နှင့် ကုမ္ပဏီ(၂)ခုထံမှ မြေအသုံးချမှု ပရီမီယံကြေး ကျပ်သန်း ၆၆. ၅၀၀ ကောက်ခံပေးသွင်းရန် လိုအပ်ခြင်း။

(စ) ရှမ်းပြည်နယ်အစိုးရအဖွဲ့အဟောင်းမှ အစိုးရအဖွဲ့ အသစ်သို့(၂၇. ၄. ၂၀၁၆)ရက်နေ့တွင် လုပ်ငန်းလွှဲပြောင်းခဲ့ပြီး လွှဲပြောင်းရာတွင် ဖွံ့ဖြိုးရေးရန်ပုံငွေ စာရင်း (၇)ခုမှ လက်ကျန် ကျပ်သန်း ၄၈. ၇၂၆ ပါဝင်ခြင်း မရှိကြောင်း တွေ့ရှိရခြင်း။

အထက်ဖော်ပြပါ အပိုဒ်ခွဲ (က)မှ (စ)အထိ ပြန်လည် ကောက်ခံပေးသွင်းရမည့်ငွေ စုစုပေါင်း ကျပ်သန်း ၈၀၁၇. ၈၀၁ ကို ရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆက်လက်ကြီးကြပ် ဆောင်ရွက်ရန် လိုအပ်ပါသည်။

နိဂုံး

ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံး များက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့် အညီ စစ်ဆေးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဥပဒေနှင့်အညီပေးအပ်သည့် အခြားတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိ ပါကြောင်း တင်ပြအပ်ပါသည်။

# တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(ဒုတိယနေ့)မှာ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးအားကိုက လွှတ်တော်သို့ အောက်ပါအတိုင်း ဖတ်ကြားတင်ပြခဲ့ပါသည်-

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၅-၃-၂၀၁၆) (ပဥ္စမနေ့)တွင် ရှမ်းပြည်နယ်လွှတ်တော် တိုင်ကြားစာများစိစစ်ရေးကော်မတီကို ကော်မတီဝင် (၇)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အောက်ပါအတိုင်း ကော်မတီဝင်အစားထိုး တာဝန်ပေးအပ်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးစိုင်းမျိုးမြင့် | မိုးနဲ-၂ | ဥက္ကဋ္ဌ |
| (ခ) | ဦးအားကို | မိုင်းဖြတ်-၂ | အတွင်းရေးမှူး |
| (ဂ) | ဦးစိုင်းဆန်စိန် | တန့်ယန်း-၁ | အဖွဲ့ဝင် |
| (ဃ) | ဒေါ်နန်းဖွေးဟွမ်ဦး | မောက်မယ်-၁ | အဖွဲ့ဝင် |
| (င) | ဦးဆန်းဝင်းအောင် | မိုင်းတုံ-၂ | အဖွဲ့ဝင် |
| (စ) | ဦးခွန်လှဆန်း | ပင်လောင်း-၁ | အဖွဲ့ဝင် |
| (ဆ) | ဗိုလ်ကြီးမြင့်ထွန်းနိုင် | ကြည်း-၃၀၆၅၆ | အဖွဲ့ဝင် |

ကွင်းဆင်းစိစစ်ခြင်းဆောင်ရွက်ထားရှိမှု

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းတွင် တိုင်ကြားစာများစိစစ်ရေးကော်မတီမှ မြို့နယ် (၁၅)မြို့နယ်မှ အမှုတွဲ (၄၆)တွဲအား ကွင်းဆင်းစိစစ်ခြင်း (၅)ကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကော်မတီ၏ ကွင်းဆင်းစိစစ်တွေ့ရှိချက်များ၊ အကြံပြုချက်များကို အစီရင်ခံစာနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ပါသည်။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ အမှုတွဲများ လွှဲပြောင်းပေးပို့ခဲ့ရာ (၂၂-၂-၂၀၁၈)ရက်နေ့အထိ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အမှုတွဲ (၁၁)တွဲနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေကို အောက်ပါအတိုင်း ပြန်ကြားခဲ့ပါသည်-

(က) ကလောမြို့၊ ပြည်ထောင်စုလမ်းမနှင့် ကလော ချောင်းကြား၊ ဒေါ်ခိုင်ဟေမာကို၏ မြေ(၀. ၅၀) ဧကကိစ္စနှင့်ပတ်သက်၍ လမ်းမြေဧရိယာအတွင်းနှင့် ကလောချောင်း ဆက်စပ်ဧရိယာအား ပိုင်ဆိုင်မှုတစ်ရပ် အနေဖြင့် မတင်ပြသင့်ကြောင်းဟုလည်းကောင်း။

(ခ) မိုင်းပွန် - လွိုင်လင် ကားလမ်း လက်ဝဲဘက်ရှိ မြေ(၅)ဧက ကိစ္စနှင့် ပတ်သက်၍ တရားပြိုင်မှ အယူခံအဆင့်ဆင့်ဝင်ရောက် လျက်ရှိသဖြင့် တရားရုံးတွင် အမှုပြီးပြတ်မှသာ ဦးဝင်းသန်းမှ မြေလွတ်၊ မြေရိုင်းဥပဒေ၊ နည်းဥပဒေနှင့် အညီ လျှောက်ထားခြင်း ဆောင်ရွက်သွားရန်ဟုလည်းကောင်း။

(ဂ) မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့်ကျေးရွာခြံမြေကိစ္စနှင့် ပတ်သက်၍ ဦးစိုင်းဝမ်းဆိုင်မှ ဦးဆောနားသို့ လူမှုရေးအရ ကျပ်သိန်း(၂၀) ပေးအပ်ခဲ့ပြီး သက်ဆိုင်ရာ မြေယာစီမံခန့်ခွဲမှုအဆင့်ဆင့်မှလည်း ဖြေရှင်းပြီးဖြစ်သဖြင့် တိုင်ကြားမှုကိစ္စအား ပိတ်သိမ်းသင့်ပါကြောင်း၊ ကျေနပ်မှုမရှိပါက ဥပဒေကြောင်းအရ ဆောင်ရွက်သွားစေရန် တိုင်ကြားသူအား ခေါ်ယူအသိပေးရှင်းလင်းရန် ခရိုင်စီမံခန့်ခွဲမှုကော်မတီသို့ (၇-၉-၂၀၁၆)ရက်နေ့တွင် အကြောင်းကြားထားပြီးဖြစ်သည်ဟုလည်းကောင်း။

(ယ) နမ့်စန်-ခိုလမ် ကားလမ်းမဘေး ခြံမြေနေရာ ကိစ္စ တွင် ဗိုလ်မှူးချစ်သန်း(ငြိမ်း)အနေဖြင့် လုပ်ကိုင်နိုင်မည့် မြေကိုသာလည်းကောင်း၊ ဒေါ်နန်းနွမ်းပါ (၈)ဦး အနေဖြင့် စိုက်ပျိုး လုပ်ကိုင်နေသော မြေဧရိယာကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ လျှောက်ထား ဆောင်ရွက်သွားစေရန်ဟုလည်းကောင်း။

(င) လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ပင်လုံ-လဲချား ကားလမ်းမဘေးရှိ မွေတော်ဟိုနား စေတီအနီး ခင်ပွန်းအမည်ဖြင့် လုပ်ကိုင်ခွင့် ရသော ဒေါ်နန်းမွန်း၏မြေ (၀.၂၁)ဧကကို သစ်တောဦးစီးဌာနမှ ပျိုးပင်များ ဝင်ရောက် စိုက်ပျိုးပြီး မြေစာရင်းပုံစံ(၁၀၅)ရယူ ထားသည်ကို ပြန်လည်တောင်းဆိုသော ကိစ္စတွင် အဆိုပါမြေနေရာသည် လွိုင်လင်-ပန်ကေတု-သီပေါကားလမ်းမ ဧရိယာတွင်း ကျရောက်နေသဖြင့် တိုင်ကြားသူ ဒေါ်နန်းမွန်းထံသို့ ပြန်လည်ပေးအပ်ရန် မသင့်ကြောင်းနှင့် ပြည်ထောင်စုလမ်းမကြီး အဖြစ် အဆင့်မြှင့်တင်ခြင်း မပြုမီ ကာလ အတွင်း သစ်တောပျိုးဥယျာဉ်အဖြစ် ယာယီအသုံးပြုခွင့် ပြုရန်သင့်ပါသည် ဟုလည်းကောင်း။

(စ) လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ဟဲနန်းကျေးရွာအုပ်စု၊ ဝမ်မိုင်ရွာ၊ ဝမ်မိုင်ဘုန်းကြီးကျောင်း မြောက်ဘက်ရှိ မိမိတို့ပိုင်ဆိုင်သော ခြံမြေယာ (၅၉.၉၂) ဧကအား ၂၀၁၀ ခုနှစ်တွင် မတရား သိမ်းဆည်းခံရသဖြင့် ပြန်လည်ရရှိရေး ဆောင်ရွက်ပေးပါရန် ဦးစိုင်းဆောနစိန် ပါ တောင်သူ (၂၇)ဦးမှ တင်ပြလာမှုနှင့် ပတ်သက်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့်အညီ လျှောက်ထားစေသင့်ပါကြောင်း အကြံပြု ချက် တင်ပြလာမှုအပေါ် အကြံပြုချက်ပါ အတိုင်း ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက် ပြီးစီးမှု အခြေအနေအား ပြန်လည်တင်ပြရန် အကြောင်း ကြားထားပြီး ဖြစ်ပါကြောင်း ဟုလည်းကောင်း။

(ဆ) လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့ ရပ်ကွက် (၅)ရှိ ဦးလုံးတာ ပိုင်ဆိုင်သော မြေကွက် အမှတ်(N /၆၅)အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ နေအိမ်များ ဝင်ရောက် ဆောက်လုပ်နေထိုင်သူ အိမ်ထောင်စု(၃)စု ကို ဖယ်ရှားပေးပါရန် ဦးစိုင်းရွှေဟန်မှ တင်ပြလာမှုအပေါ် သက်ဆိုင်ရာဌာနများက ဖြေရှင်းဆောင်ရွက်ခဲ့ပြီး ကာယကံရှင်များ အနေဖြင့်လည်း ကျေနပ်လက်ခံကြသော ပြီးပြတ်ပြီးသည့်ကိစ္စဖြစ်သဖြင့် ယခု တိုင်ကြားစာအား ဆက်လက်အရေးယူ ဆောင်ရွက်ရန် မလိုအပ်တော့၍ ပိတ်သိမ်း သင့်ပါကြောင်း ဟုလည်းကောင်း။

(ဇ) တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ သာမိုင်းခမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၄၈)၊ ဦးပိုင်အမှတ် (၁၂၄)၊ မြေဧရိယာ (၆.၉၄)ဧကကို အမှတ်(၃) ပညာရေးတပ်မှ သိမ်းယူခဲ့ခြင်းအတွက် မူလပိုင်ရှင် ဦးချစ်လှိုင်မှ ပြန်လည် တောင်းခံခြင်းကိစ္စနှင့် ပတ်သက်၍ အဆိုပါ မြေနေရာအား တပ်ပိုင်မြေသိမ်းဆည်း ကာလတွင် သက်ဆိုင်သည့် လျော်ကြေးများ အား ပေးချေထားပြီး ဖြစ်ပါသဖြင့် လျော်ကြေး ထပ်မံပေးချေနိုင်ခြင်း မရှိကြောင်းကို ကာယကံရှင်အား အသိပေး ရှင်းလင်း ဆောင်ရွက်သွားရန် ခရိုင်မြေ အသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၊ တောင်ကြီးမြို့သို့ အကြောင်းကြားထားပြီး ဖြစ်ပါကြောင်းဟုလည်းကောင်း။

(ဈ) တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ နောင်လှိုင်ကျေးရွာအုပ်စု၊ ကွမ်လုံကျေးရွာ ဖယ်ခုံ-လွိုင်ကော်သွားလမ်း၊ အနောက်ဘက် ကွင်းအမှတ် (၁၂၅)ရှိ ဦးပီတာပေး ပါ(၃)ဦးတို့၏ ယာမြေကိစ္စအငြင်းပွားမှုအား ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ တောင်ကြီးမြို့၏ စိစစ်တွေ့ရှိချက်တွင် ကာလစည်းကမ်းသတ်မှတ်ချက်အရ

အယူခံကာလ ရက်ပေါင်း (၃၀)ကျော်လွန်နေသဖြင့် လယ်ယာမြေ နည်းဥပဒေ ၆၀(ဂ) အရ စစ်ဆေးဆောင်ရွက်ပေးရန် မရနိုင်ပါသဖြင့် ကာယကံရှင်များအား ခေါ်ယူ ချပြရှင်းလင်းပြီးစီးပြီး ဖြစ်ပါကြောင်း ဟုလည်းကောင်း။

(ည) တောင်ကြီးခရိုင်၊ ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်ကျေးရွာတွင် အားကစားကွင်းရှိသော်လည်း နစ်နာကြေးမပေးဘဲ သိမ်းဆည်းထားသော ယာမြေ(၂၃)ဧကနှင့် ပတ်သက်၍ ဒေါ်နန်းအုပ်ပါ (၅)ဦးမှ တင်ပြလာမှုအပေါ် ပိုင်ဆိုင်မှုအထောက်အထား ပြသနိုင်မှု မရှိခြင်း၊ နိုင်ငံတော်အစီအစဉ်ဖြင့် သိမ်းယူခဲ့၍ အားကစားမြေနေရာအား ပြန်လည်လွှဲပြောင်းပေးအပ်မည်ဆိုပါက မြေယာပြဿနာများ ပိုမိုရှုပ်ထွေးလာနိုင်ခြင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့မှတစ်ဆင့် ဌာနပိုင် မြေလွှဲ မိန့်ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြောင်းအရင်း ခိုင်မာသဖြင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိကြောင်း ကာယကံရှင်အား အသိပေး ရှင်းလင်းဆောင်ရွက်ပြီး ဖြစ်ပါသည်ဟု လည်းကောင်း။

(ဋ) ဦးဖေပါ (၁၀)ဦးတင်ပြသည့် ဆိုက်ခေါင်စျေးနှင့် နမ့်ပါမူးရေကန်မြေနေရာတို့သည် အများပိုင်အဖြစ် အသုံးပြုလျက်ရှိပြီး၊ ဘောလုံးကွင်းဟောင်း မြေနေရာမှာလည်း ယခင်ကတည်းက တိုက်နယ်ဆေးရုံ မြေနေရာနှင့် ရပ်ရွာအစီအစဉ်ဖြင့် လဲလှယ်အသုံးပြုခဲ့ပြီးဖြစ်ခြင်းတို့ကြောင့် ဦးဖေပါ (၁၀)ဦး၏တင်ပြစာအား အရေးယူဆောင်ရွက်ရန် မသင့်ကြောင်းနှင့် ဖြားတန်နန်းသြသည် ပအိုဝ်းအမျိုးသား ခေါင်းဆောင် (၁)ဦးဖြစ်ပြီး၊ ဖြားတန်နန်းသြကို ဂုဏ်ပြု၍ အမည်ပေးခဲ့ဖူးသည်မှာ မှန်ကန်မှုရှိသော်လည်း ရပ်ရွာအတွင်းရှိ နေရာတစ်ခုအား ဂုဏ်ပြုအမည်ပေးခြင်းနှင့် ပတ်သက်၍ ရပ်ရွာနေပြည်သူများ၏ ဆန္ဒဖြင့် ညှိနှိုင်းဆောင်ရွက်သွားစေမည် ဖြစ်ပါကြောင်းဟုလည်းကောင်း ပြန်ကြား ခဲ့ပါသည်။

တိုင်ကြားစာများစိစစ်ရေးကော်မတီအနေဖြင့် ကွင်းဆင်းစိစစ်တွေ့ရှိချက်အစီရင်ခံစာပါ အမှုတွဲများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့ခဲ့သော်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ဆုံးဖြတ်မှုများသည် နှောင့်နှေးကြန့်ကြာနေပါသဖြင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

ယခင်က ပြည်သူများအနေဖြင့် တွေ့ဆုံပွဲများတွင် ပြည်သူ၏ တင်ပြတိုင်ကြားစာများအပေါ် တိုင်ကြားစာများစိစစ်ရေး ကော်မတီ၏ပြန်ကြားချက်များကို သိလိုကြပါသည်။ နောက်ပိုင်းကာလတွင် ပြည်သူလူထုအတွက် ရှမ်းပြည်နယ်အစိုးရမှ ဆုံးဖြတ်တုံ့ပြန်မှုမှာ နှောင့်နှေးကြန့်ကြာနေပါသဖြင့် ကော်မတီအပေါ် လူထု၏ ယုံကြည်အားကိုးမျှော်လင့်မှု လျော့နည်းလာပါသည်။ လယ်ယာပြဿနာများကို စိစစ်ဆုံးဖြတ်ပေးရသော ခရိုင်/ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအနေဖြင့် ကြားနာပွဲများတွင် ဒေသခံတောင်သူများကို စာရွက်စာတမ်း၊ အထောက်အထား ပုံစံ(၇)၊ ပုံစံ(၁၀၅) ရှိ/ မရှိ မေးခွန်းမေးမြန်းပြီး ပုံစံ(၇)ရရှိမှသာ အနိုင်ရမည်ဖြစ်ရာ ဘိုးဘွားစဉ်ဆက် နေထိုင်ပိုင်ဆိုင်ခဲ့သော်လည်း ပုံစံ(၇) လက်ဝယ်မရှိသဖြင့် လက်ရှိ လက်ငုတ်မှ ပိုင်ဆိုင်ခွင့်မရသည့် တောင်သူများ၏ ဘဝဖြစ်ခဲ့ရပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၅တွင် မြို့နယ်ဦးစီးဌာနရုံးသည် ပုဒ်မ ၄အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်ဟုလည်းကောင်း၊ ပုဒ်မ ၆တွင် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေအာဏာ တည်သည့်နေ့ရက်တွင် တည်ရှိနေသော လယ်ယာမြေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု၏ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးရမည်ဟု ပြဋ္ဌာန်း ပါရှိပါသည်။

ပုံစံ(၇)ရသူအချို့မှ လက်ဝယ်ပိုင်ဆိုင်ခွင့်အရ

လယ်ယာမြေအငြင်းပွားမှုတွင် မည်သူ့ကိုမျှ ဂရုစိုက်စရာမလိုသည့် သဘောဖြင့် ခြံဝန်းအတွင်း ဝင်ရောက်စိုက်ပျိုးသော ဒေသခံတောင်သူများကိုပင် တရားစွဲဆိုမှုများရှိလာပါသည်။ သို့ဖြစ်ပါ၍ မြေယာအငြင်းပွားမှုရှိသည့် အချင်းဖြစ်မြေယာများ၏ ပုံစံ(၇) ထုတ်ယူရရှိမှုများကိုလည်း စိစစ်ရန်လိုအပ်ပါသည်ဟု ယူဆပါသည်။

မြေယာအငြင်းပွားမှုများကို ကွင်းဆင်းစိစစ်ခဲ့သော ရှမ်းပြည်နယ်လွှတ်တော် တိုင်ကြားစာများစိစစ်ရေးကော်မတီ ပြန်သွားသည်နှင့် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ကို မည်သည့်နည်းဖြင့်ရသည် မသိရဘဲ အခိုင်အမာအဆောက်အဦများ၊ ကားရပ်နားစခန်းများ၊ ဓါတ်ဆီပန့်များ အလျှိုလျှို ပေါ်ပေါက်လာသည်ကို တွေ့ရရပါသည်။ မည်သည့်ဟန့်တားမှုမျှ မပြုလုပ်ကြပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများပြောနေသည့် တရားဥပဒေစိုးမိုးရေးအဆင့်သို့ရောက်ရန် ဦးစွာလိုအပ်နေပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

တိုင်ကြားစာများစိစစ်ရေးကော်မတီသို့ ရောက်ရှိလာသည့် တိုင်ကြားစာများမှာ တပ်မြေအတွက် လယ်ယာမြေသိမ်းဆည်းမှုများ အပါအဝင် အမှုပေါင်း (၁၈၀)ကျော် ရှိနေပြီး ကော်မတီမှ မြို့နယ်ပေါင်း (၁၅)မြို့အထိ ကွင်းဆင်းခဲ့ရာ အမှုပေါင်း (၄၆)မှုခန့် စိစစ်နိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ တိုင်ကြားစာများစိစစ်ရေးကော်မတီဝင် (၇)ဦးသာရှိသည့်အတွက် ရှမ်းပြည်နယ်အနှံ့ ကွင်းဆင်းနေရသဖြင့် ဝန်နှင့်အားမမျှပါသောကြောင့် ကော်မတီဝင်အင်အားကို ထပ်မံဖြည့်စွက်ပေးရန် လိုအပ်လျက်ရှိပြီး ကွင်းဆင်းစိစစ်ရာတွင် ကော်မတီဝင်များ ဒေသအလိုက်ခွဲ၍ ကွင်းဆင်းစိစစ်နိုင်ပါက ပြည်သူများ၏ တိုင်ကြားစာများအပေါ် ပို၍အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီများ၏ လုပ်ငန်းများဆောင်ရွက်ရန် ကော်မတီ(၁)ခုလျှင် မော်တော်ယာဉ်(၁)စီးစီ သုံးစွဲနိုင်ခွင့်ရရှိပါက သွားလာရေး အဆင်ပြေမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။



ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က
ကိုယ်စားလှယ်စိစစ်ရေးကော်မတီ၌ လက်မှတ်ရေးထိုးနေစဉ်



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က
ကိုယ်စားလှယ်စိစစ်ရေးကော်မတီ၌ လက်မှတ်ရေးထိုးနေစဉ်



ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က
အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးနေစဉ်

**ဒီမိုကရေစီဖော်ဆောင်ရေး**
**လွှတ်တော်ကိုယ်စားလှယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး**

# လွှတ်တော်မှတ်တမ်းစီမံခန့်ခွဲမှုသင်တန်းနှင့် Self-Assessment Training ဖွင့်လှစ်



၂၀၁၈ခုနှစ်၊ မေလ(၇)ရက်နေ့၊ နံနက်(၉၀၀) နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်၊ ရေးရာကော်မတီရုံးခန်း အမှတ်(၅)တွင် ရှမ်းပြည်နယ်လွှတ်တော်နှင့် ပညာအလင်းပွင့် သုတေသနဖောင်ဒေးရှင်း (EMReF)တို့ ပူးပေါင်းဖွင့်လှစ်သည့် လွှတ်တော်မှတ်တမ်း စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့် ပညာအလင်းပွင့်သုတေသနဖောင်ဒေးရှင်း (EMReF)မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် လွှတ်တော်ရုံးမှ သင်တန်းသား၊ သင်တန်းသူ ဝန်ထမ်း(၂၅)ဦး တက်ရောက်ခဲ့ပါသည်။

၎င်းနောက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပညာအလင်းပွင့် မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)မှ စီမံချက်မန်နေဂျာ ဆလိုင်းထောင်ဇာပွမ်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ သင်တန်းဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းတွင် ပညာရှင် ဦးထင်ကျော်အေးက လွှတ်တော်မှတ်တမ်းစီမံခန့်ခွဲမှု၊ လွှတ်တော်မှတ်တမ်းအမျိုးအစားများ နှင့် Open Source Tool ခေါင်းစဉ်များဖြင့်လည်းကောင်း၊ မွန်ပြည်နယ်လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဆွေဆွေထွန်းက မွန်ပြည်နယ်လွှတ်တော်၏ မှတ်တမ်းထိန်းသိမ်းနည်းကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇင်ထက်က ပြည်ထောင်စုလွှတ်တော်ရုံး၏ မှတ်တမ်းထိန်းသိမ်းမှု အတွေ့အကြုံများကိုလည်းကောင်း အသီးသီးပို့ချခဲ့ပြီး သင်တန်းကို (၂)ရက်ကြာ ပြုလုပ်ခဲ့ပါသည်။

(၉. ၅. ၂၀၁၈)ရက်နေ့တွင် Self-Assessment Training သင်တန်းကို ဆက်လက်ပြုလုပ်ခဲ့ရာ လွှတ်တော်ရုံး ဝန်ထမ်း(၁၂)ဦး တက်ရောက်ခဲ့ပါသည်။

# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(MPU)အစည်းအဝေး(၃/၂၀၁၈)သို့ တက်ရောက်



မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union-MPU) အစည်းအဝေး (၃/၂၀၁၈)ကို (၉. ၅. ၂၀၁၈) ရက်နေ့၊ မွန်းလွဲ (၁၃၀၀)နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အဦ၊ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် တက်ရောက်ခဲ့ပါသည်။

## လွှတ်တော်ကော်မတီကြားနာပွဲ Workshop ကျင်းပ





ရှမ်းပြည်နယ်လွှတ်တော်နှင့် National Democratic Institute(NDI)တို့ ပူးပေါင်းကျင်းပသည့် လွှတ်တော်ကော်မတီကြားနာပွဲ Workshopကို (၂၄. ၃. ၂၀၁၈)ရက်နေ့ နံနက်(၉)နာရီအချိန်တွင် တောင်ကြီးမြို့ Royal Taunggyi Hotel၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်မှ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

---

## လူမှုဖူလုံရေး-မြတ်တော်ဝင်အထွေထွေရောဂါကုဆေးခန်းဖွင့်ပွဲကျင်းပ




အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ လူမှုဖူလုံရေး-မြတ်တော်ဝင် အထွေထွေရောဂါကုဆေးခန်းဖွင့်ပွဲ အခမ်းအနားကို (၃၀. ၄. ၂၀၁၈) ရက်နေ့၊ နံနက်(၀၈၃၀)နာရီအချိန်တွင် တောင်ကြီးမြို့၊ မြတ်တော်ဝင်ဆေးရုံ၌ ကျင်းပပြုလုပ်ရာ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပါသည်။

# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ နယ်မြေကွင်းဆင်းဆောင်ရွက်ခြင်း



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီသည် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် နမ့်စန်မြို့နယ်နှင့် လွိုင်လင်မြို့နယ်အတွင်းရှိ ယင်းနက်၊ ယင်းကြားလူမျိုးတို့အား (၃၁. ၃. ၂၀၁၈)ရက်နေ့မှ (၄. ၄. ၂၀၁၈)ရက်နေ့အထိ ကော်မတီဥက္ကဋ္ဌကိုယ်စား၊ အတွင်းရေးမှူးဖြစ်သူ ဦးစိုင်းကျော်ကမ် ဦးဆောင်ပြီး ကော်မတီဝင်များဖြစ်သော ဦးသိန်းဇော်မိုး၊ ဦးတင်ဝင်း၊ ဗိုလ်မှူးအောင်သူခိုင်တို့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအား သုံးသပ်အကြံပြုချက်တို့နှင့်အတူ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြဆောင်ရွက်ပြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာအား လိုအပ်သလိုဆောင်ရွက်နိုင်ရန် ပေးပို့ခဲ့ပါသည်။



ကုန်းလမ်းကျေးရွာရှိ ယင်းနက်လူမျိုးများ၏ ကောက်သစ်ပူဇော်ပွဲတွင် တီးခတ်သော ဝါးဆစ်ကိရိယာ



တွန်တီးကျေးရွာရှိ ယင်းကြားလူမျိုးများ၏ ရိုးရာချည်ငင်နေပုံ

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး လုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းဓါတ်ပုံများ



မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဆန်းဝင်းအောင်မှ ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီနှင့် အတူ ကွင်းဆင်းစစ်ဆေးနေစဉ်



မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဆန်းဝင်းအောင်မှ ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီနှင့် အတူ ကွင်းဆင်းစစ်ဆေးနေစဉ်



မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးအားမဲမှ လွှတ်တော်ရန်ပုံငွေဖြင့်တည်ဆောက်ခဲ့သော ကိုယ်ထူကိုယ်ထကျောင်းဆောင်သစ်ဖွင့်ပွဲတက်ရောက်



မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဒါဝိဒ်မှ မိုင်းတွမ်းမြေပြန့်အုပ်စုမှ ဒေသခံလူထုလိုအပ်ချက်များအား ပြည်သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်နေစဉ်



ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးညီညီ(ခ)ဦးညီလေးချမ်းမှ ကယန်းအမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်စဉ်



ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးသန်းထိုက်မှ ကလောမြို့ စည်ပင်သာယာရေးလုပ်ငန်းစီမံကိန်းများ မြေပြင်ကွင်းဆင်းကြည့်ရှုစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းဓါတ်ပုံများ



ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးကျော်တယ်ချန်မှ လောက်ကိုင်-ဆီအောလမ်း(၄/၅)မိုင် ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးနေစဉ်



ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးမြင့်လွင်မှ မုန်းစီး (အ. ထ. က)ကျောင်းအတွက် အထွေထွေသုံးရံပုံငွေ ထောက်ပံ့လှူဒါန်းနေစဉ်



ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးကျော်တယ်ချန်မှ တိုက်ပွဲရှောင်ပြည်သူများအတွက် အိမ်ရာများဆောက်လုပ်ပေးနေမှု အခြေအနေအား ကွင်းဆင်းစစ်ဆေးနေစဉ်



ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးမြင့်လွင်မှ မုန်းစီး (အ. ထ. က)ကျောင်းအတွက် အထွေထွေသုံးရံပုံငွေ ပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်



ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးကျော်တယ်ချန်မှ လောက်ကိုင်မြို့ရှောင်လမ်း၊ ဖောက်လုပ်မည့်လမ်းကြောင်း အခြေအနေအား ကွင်းဆင်းစစ်ဆေးနေစဉ်



ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးသန်းထိုက်မှ ပဲရင်းတောင်အုပ်စုရှိ ကျေးရွာ(၇)ရွာအား မီးလင်းရေးလုပ်ငန်းများ အတွက် ဆွေးနွေးနေစဉ်

# နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးလင်းအောင်ဆွေ၏ လှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းဓါတ်ပုံ



(၁၀. ၄. ၂၀၁၈)ရက်နေ့ နံနက်(၁၀၃၀) နာရီအချိန်တွင် နမ့်စန်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့် လစဉ် ရပ်ကျေးညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီး ပြည်သူ့ လိုအပ်ချက်များကို လွှတ်တော်၊ အစိုးရအဖွဲ့ အသီးသီးသို့ တင်ပြရမည့်ကိစ္စရပ်များ၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးကိစ္စရပ်များ၊ မြေယာနှင့် ပုံစံ(၇)ကိစ္စရပ်များနှင့် မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် မွန်းလွဲ (၁၃၁၅)နာရီအချိန်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း(SAE)(JE)၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိတို့ လိုက်ပါလျက် နမ့်စန်-မိုးနဲလမ်းအပိုင်း၊ မြို့နယ်ခန်းမလမ်းဆုံးမှ ပေ(၁၀၀၀)အတွင်း လမ်းပခုံးနှင့် ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်မည့် လမ်းတစ်လျှောက်အား ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့ပြီး၊ နမ့်စန်-မိုင်းစိတ်လမ်း (၅)မိုင် မိုင်တိုင်မှ စ၍ (၂)မိုင်(၄)ဖာလုံ (၁၈)ပေလမ်းချဲ့ခြင်း ဆောင်ရွက်မည့်နေရာအား ကွင်းဆင်းကြည့်ရှု စိစစ် ဆောင်ရွက်ခဲ့ပါသည်။



(၂. ၅. ၂၀၁၈)ရက်နေ့ နံနက်(၁၀)နာရီ အချိန်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ဌာနဆိုင်ရာ အစည်းအဝေးသို့ ဖိတ်ကြားချက်အရ တက်ရောက်၍ ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ပြီး၊ ၄င်းနောက် မွန်းလွဲ (၁)နာရီ အချိန်တွင် နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာ အုပ်စု ကျောင်းကုန်းရွာ ဝမ်ပုံဘုန်းတော်ကြီးကျောင်း တွင် ကျင်းပပြုလုပ်သည့် လေဘေးသင့်ပြည်သူများ အား ထောက်ပံ့ငွေနှင့် ပြည်နယ်ကြက်ခြေနီမှ ထောက်ပံ့သည့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပပြုလုပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒု-မြို့နယ်ရဲတပ်မှူး၊ စီမံကိန်းဦးစီးမှူးနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့ တက်ရောက်ခဲ့ကြပြီး၊ တာဝန်ရှိသူအသီးသီးက လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ် လှူဒါန်းခဲ့ပါသည်။

ထုတ်ဝေသူ-ဦးလှမျိုး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ထုတ်ဝေသည့်စောင်ရေ (၂၅၀)